ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(မွေပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 September 2021 ၁၀၅၀၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စက်မှုကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများလုပ်ဆောင်ရာတွင် လျှပ်စစ်စွမ်းအင်ရရှိရေးသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်သဖြင့် ဒေသတွင်း လျှပ်စစ်စွမ်းအား ဖူလုံမှုရှိစေရေး ကြိုးပမ်းလုပ်ဆောင်ရမည်

## ဒေသတွင်းရှိပေါကြွယ်ဝသည့် ဝါးအရင်းအမြစ်များအသုံးချ၍ ချည်ထည်လုပ်ငန်း၊ စက္ကူလုပ်ငန်းတို့ကိုလည်း လုပ်ဆောင်နိုင်ရေး စဉ်းစားရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား တိုင်းရင်းသားရိုးရာဝတ်စုံကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

**အမုန်းမဖက် အပြုံးတစ်သက်တာ လုပ်ငန်းခွင်**
စာမျက်နှာ » ၈

**ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားချက်**
စာမျက်နှာ » ၁၀

**တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၄ ဒသမ ၅၉ သန်းကျော် အသုံးပြုပြီးဖြစ်**
စာမျက်နှာ » ၁၃

**YBS ခရီးသည်တင်ယာဉ်များ သတ်မှတ်နှုန်းထားကျော်လွန်ကောက်ခံမှုကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြင့် စတင်စစ်ဆေးမည်**
စာမျက်နှာ » ၂၃

ကြေးမုံ

# တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးမူဝါဒ

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိပြီး ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်သည်။ လျှပ်စစ်ဓာတ်အားရရှိ၍ လူမှုစီးပွားမြင့်မားသည်။ လူမှုစီးပွားမြင့်မား၍ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိသည်။ လျှပ်စစ်သည် ပြည်သူတို့၏ လူမှုစီးပွားဘဝ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသောအရာဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး စီမံကိန်းအလိုက် တိုးတက်ဆောင်ရွက်နေကြသည်။ လျှပ်စစ်ဓာတ်အားနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ကြက်ကူးရေပါသလို အတူလိုက်ပါဖွံ့ဖြိုးတိုးတက်သောကြောင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် အစောပိုင်းကာလများက လျှပ်စစ်ဓာတ်အားရရှိရေးတွင် အလွန်ချို့တဲ့ခဲ့သည်။ မြို့ကြီးများတွင်ပင် အလှည့်ကျစနစ်ဖြင့် မီးပေးခဲ့ရပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝ နိမ့်ကျခဲ့ရသည်။ နယ်မြို့များတွင်လည်း လျှပ်စစ်မီးအပြည့်အဝမရဘဲ အချို့မြို့များတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဓာတ်အားပေးစက်များ ပြုလုပ်ထားရသည်။ ကျေးလက်ဒေသများနှင့်ဝေးလံသောဒေသများတွင် လျှပ်စစ်မီးနှင့်အလှမ်းဝေးပြီး အမှောင်ထဲတွင် နေထိုင်ကြရသည်။ နောက်ပိုင်းတွင် လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်ကြသောကြောင့် မြို့များတွင် လျှပ်စစ်ဓာတ်အား အတော်ရလာခဲ့သည်။ လျှပ်စစ်မီးပြတ်တောက်မှုမှာလည်း အတော်နည်းသွားခဲ့သည်။

ယခုအခါတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို တိုးတက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံအနေဖြင့် ရာခိုင်နှုန်းတစ်ဝက်မျှ လျှပ်စစ်ဓာတ်အားရလာခဲ့သည်။ နယ်မြို့များတွင်လည်း လျှပ်စစ်မီးရှိနေပြီး ကျေးလက်များပါ လျှပ်စစ်မီးရရှိလာကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲကြားမှ ပြည်သူများ လျှပ်စစ်အပြည့်အဝရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့ဘဏ္ဍာငွေများ ကျခံသုံးစွဲလျက်ရှိသည်။ ယခုဆယ်စုနှစ်တစ်ခုအတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး နည်းလမ်းအမျိုးမျိုးဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကို ရာခိုင်နှုန်းတစ်ဝက်အထိ ဦးစားပေးထုတ်လုပ်သုံးစွဲလျက်ရှိသည်။ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နည်းလမ်းအမျိုးမျိုးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ရေသယံဇာတပေါများကြွယ်ဝသဖြင့် ရေအားလျှပ်စစ်မှ ၄၈ ရာခိုင်နှုန်း ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှာ တစ်ရာခိုင်နှုန်းသာ အသုံးပြုနိုင်သေးသည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ၆ ဒသမ ၇ ဂီဂါဝပ် ထုတ်လုပ်လျက်ရှိသည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေးမူဝါဒအရ လိုအပ်လာမည့် လျှပ်စစ်ဓာတ်အား ဂီဂါဝပ်မှာ ၂၃ ဒသမ ၆ ဖြစ်သည်။ ယင်းလျှပ်စစ်ဓာတ်အား ပမာဏရရှိရန်အတွက် နိုင်ငံတော်က နှစ်စဉ်စီမံကိန်းအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် အချိုးကျဆောင်ရွက်ရာ၌ ရေအားလျှပ်စစ်မှ ၃၈ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၃၃ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၀ ရာခိုင်နှုန်းနှင့် နေစွမ်းအင်၊ လေစွမ်းအင်တို့ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့မှ ကိုးရာခိုင်နှုန်း ဆောင်ရွက်သွားမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်များသောကဏ္ဍများကို လျှော့ချပြီး ကုန်ကျစရိတ်နည်းသောကဏ္ဍများကို တိုးချဲ့ထုတ်လုပ်လာခြင်းသည် ဖွံ့ဖြိုးမှုမြင့်မားရေးနှင့် ဝန်ထုပ်ဝန်ပိုးများလာမှုကို လျှော့ချနိုင်ရန်အတွက်ဖြစ်သည်။ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နေရောင်ခြည်၊ လေ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အလုံအလောက်ရှိပါလျက် တစ်ရာခိုင်နှုန်းသာထုတ်လုပ်နိုင်သဖြင့် ယင်းကိုတိုးချဲ့နိုင်ရန်အတွက် မြန်မာနိုင်ငံ ဒေသအသီးသီး၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၃၀ ထုတ်လုပ်နိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း ၂၉ ခု ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အသေးစားနှင့်အလတ်စား ဆိုလာစီမံကိန်းများ အကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိပြီး သဘာဝဓာတ်ငွေ့ရည်၊ ရေနံဓာတ်ငွေ့ရည်တို့ ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားစွမ်းအင် တိုးချဲ့ထုတ်လုပ်ရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်ရေး၊ ကာဗွန်လျှော့ချရေးတို့ကို အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းသဘောတူထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် စိန်ခေါ်မှုများစွာရှိသည့်ကြားမှ နိုင်ငံတော်နှင့်ပြည်သူများ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ အရေးကြီးသော လျှပ်စစ်ဓာတ်အား တစ်နိုင်ငံလုံး အပြည့်အဝရရှိရေးမူဝါဒကို လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။ ။

## အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် သာသနာ့ဇောတိကာရုံကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် သာသနာ့ဇောတိကာရုံကျောင်းတိုက်(ကွင်းကျောင်း)မှ ဆရာတော် သံဃာတော်များအား ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းတိုက်ကြီး၏ အပေါ်ထပ် ဓမ္မာရုံကျောင်းဆောင်၌ ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်းမှုတွင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် သစ္စာ မေတ္တာ ဘုရားဖူးအဖွဲ့များ၏ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် အဖွဲ့ဝင်များက သာသနာ့ဇောတိကာရုံကျောင်းတိုက် (ကွင်းကျောင်း) ဆရာတော် ဘဒ္ဒန္တ ဇောတိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ သံဃာတော်များအတွက် ဆွမ်းပဒေသာပင် ဝတ္ထုငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ပုလင်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## သမဝါယမအသင်းစုများ ချိတ်ဆက်၍ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးမည့် ဆန်အိတ် ၂၀၀၀ မြိတ်မြို့သို့ရောက်ရှိ



**မြိတ် စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း သမဝါယမအခန်းကဏ္ဍဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမအသင်းစုများ ချိတ်ဆက်၍ ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချမည့် ဆန်အိတ် ၂၀၀၀ မြိတ်မြို့သို့ ယမန်နေ့က ရောက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မြိတ်ခရိုင်ရှိ သမဝါယမအသင်းစုများမှ ဈေးနှုန်းချိုသာစွာရောင်းချပေးမည့် ဆန်များကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့ချိတ်ဆက်ပြီး ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

" သမဝါယမအသင်းစုအနေနဲ့ သမဝါယမတာဝန်ယူ၍ ပြည်သူတွေ မည်သူမဆို ဖြန့်ဖြူးရောင်းချမှာ ဖြစ်ပါတယ်။ ရောက်ရှိလာတာ မြိတ်ခရိုင်အတွက် ဆန်အိတ် ၂၀၀၀ ဖြစ်ပါတယ်။ ဆန်တွေကို မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်က ယူတယ်။ တပ်မတော်ရေ ရေယာဉ်မှ ကူညီပို့ဆောင်ပေးပါတယ်။ ယူတဲ့ဈေးနှုန်းနဲ့ ဆန်အတင်အချစရိတ်ပေါင်းပြီး သမဝါယမအခန်းကဏ္ဍအနေနဲ့ အမြတ်အစွန်းမယူဘဲ ပြည်သူတွေကို ပြန်လည်ဖြန့်ဖြူးရောင်းချပေးမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမင်းက ပြောသည်။

ကိုဗစ်ကာလအတွင်း ပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည့်ဆန်များ ရောက်ရှိသယ်ယူနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ဆန်များကို မြိတ်မြို့နယ် သမဝါယမဦးစီးဌာနမှတစ်ဆင့် မြို့နယ်များရှိ သမဝါယမအသင်းစုများထံ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး (မြိတ်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - | ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | | |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင် |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှု၊ အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့မိမြို့ဖများက ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွေထွေလိုအပ်ချက်များကို တင်ပြကြသည်။

**ချမှတ်ဆောင်ရွက်လျက်ရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများကို ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် ကာလအတွင်း နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး အဘက်ဘက်မှ လစ်ဟင်းမှုမရှိစေရန် လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေများနှင့် တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်များကို ထိန်းသိမ်း ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားရှိလုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေဖြင့် ကမ္ဘာပေါ်ရှိ မည်သည့်အစိုးရပင်ဖြစ်စေ တိုင်းပြည်ကို တိုးတက်အောင် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြသည်ပင်ဖြစ်သည့်အတွက် မိမိတို့အစိုးရအနေဖြင့်လည်း သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးကို ဦးစားပေးလုပ်ဆောင်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် မြေ၊ ရေ သယံဇာတများအပြင် လူသားအရင်းအမြစ်ပြည့်စုံသည့် နိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ သန်း ၇၀၀၀ ကျော်ခန့်ရှိပြီး စားရေရိက္ခာလိုအပ်ချက် အမြဲတမ်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြင်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည် ဆန်၊ ပဲ ဖူလုံမှုရှိသည်ဖြစ်သော်လည်း ဆီဖူလုံမှုလိုအပ်လျက်ရှိသဖြင့် ဆီထွက်သီးနှံများကို အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စားရေရိက္ခာ ပေါများမှုရှိစေရေး ထည့်သွင်းစဉ်းစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**အားမပေးလို**

တင်ပြချက်များတွင် စက်မှုဇုန်လုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများကို ခွင့်ပြုပေးရန်နှင့် အဆင့်မြှင့်တင်ပေးရန်တို့ပါရှိသည်ကို တွေ့ရှိရပြီး သယံဇာတကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ရေရှည်တည်တံ့နိုင်သည့် လုပ်ငန်းများမဟုတ်ဘဲ ရေတိုအတွက်သာ အဆင်ပြေနိုင်မည်ဖြစ်သဖြင့် မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူခြင်းလုပ်ငန်းများကို အားမပေးလိုကြောင်း၊ မိမိတို့နိုင်ငံသည် သယံဇာတများကို ထုတ်ယူပြီး အကြမ်းထည်များကို တင်ပို့သောကြောင့် ဈေးနှုန်းရသင့်သည်ထက် နည်းပါးစွာရရှိသဖြင့် အချောထည်များကို ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့သောသယံဇာတများသည် ပြည့်ဖြိုးမြဲသယံဇာတမဟုတ်သည့်အတွက် ကုန်ခန်းသွားနိုင်ကြောင်း၊ ပြည့်ဖြိုးမြဲသယံဇာတများကိုမူ ပြန်လည်ဖြည့်တင်းရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**ကုန်ချောထုတ်လုပ်နိုင်ရန်လိုအပ်**

သယံဇာတကို အားကိုးပါက ရေရှည်တွင် အခက်အခဲများဖြစ်ပေါ်နိုင်သည့်အတွက် တိုင်းပြည်အတွက် အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုများကို လုပ်ဆောင်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းပြည့်မီသည့် ထုတ်ကုန်များဖြစ်အောင် လုပ်ဆောင်ကာ ပြည်တွင်းရှိ အခြားဒေသများနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးမှရရှိလာသည့် ထွက်ကုန်များကို အကြမ်းထည်တင်ပို့သည့် တစ်ဆင့်ခံကုန်ထုတ်လုပ်ငန်းဖြစ်နေ၍မရဘဲ ဈေးကွက်ဝင်ကုန်ချော ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ လိုအပ်သည့် အခြေခံကုန်ကြမ်းပစ္စည်းများကို မိမိတို့ဒေသတွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြင်ပမှဝယ်ယူနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ဈေးနှုန်းသက်သာစွာဖြင့်အသုံးပြုနိုင်မည်ဖြစ်ကာ ဒေသ၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိဒေသ၏ အခြေအနေဖန်တီးနိုင်မှုသည် ဒေသတွင်း၌ပင် ရှိနေရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များလိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်သည့် ရှေ့ပြေးသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အထက်တန်းပညာမသင်ကြားဖူးသူနှင့် စာလုံးဝမတတ်မြောက်သူဦးရေသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရပြီး ပြည်နယ်များတွင် ပညာရေးနှင့်ပတ်သက်ပါက ပိုမိုအားနည်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပညာရေးကိုအလေးပေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေးလေ့လာဆန်းစစ်မှုစာရင်းပြုစုမှုမှတ်တမ်းများအရ ကချင်ပြည်နယ်တွင် ၂၀၀၉ ခုနှစ်၌ KG တန်းတက်ရောက်သူ ဦးရေ ၃၉၀၀၀ ကျော်ရှိပြီး အဆိုပါ ကျောင်းသားကျောင်းသူများသည် တန်းစဉ်ကူးပြောင်းမှုအဆင့်ဆင့်တွင် အကြောင်းအမျိုးမျိုးဖြင့် ပြုန်းတီးခဲ့ရာ တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိခဲ့သူ ဦးရေ ၂၀၀၀၀ ခန့်သာရှိခဲ့ကြောင်း၊ အဆိုပါကျောင်းသား ၂၀၀၀၀ တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၅၅၀၀ ကျော်သာရှိခဲ့သဖြင့် မိမိတို့နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း။

ဒေသတိုးတက်ရေးလုပ်ဆောင်ရာတွင် ရေတို၊ ရေရှည်လုပ်ငန်းများကို စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ပြီး ရေရှည်အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ပေးရမည်၊ အားပေးရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ပညာရေး၊ ကျန်းမာရေးမှအစ လိုအပ်လျက်ရှိသည့် ပညာတတ်လူသားအရင်းအမြစ်များထွက်ပေါ်လာအောင် အနာဂတ်အတွက် ကြိုတင်မြော်တွေး၍ လုပ်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရပြီး နောက်ပိုင်း ပြန်လည်ဖွင့်လှစ် သင်ကြားစေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ် -၁၉ ရောဂါတတိယလှိုင်းဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းများယာယီပိတ်ထားခဲ့ရပြီး ကောင်းမွန်စွာ ထိန်းချုပ်နိုင်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ စီးပွားရေးဆိုင်ရာပညာတတ်များပေါ်ထွက်ရန်နှင့် ဒီမိုကရေစီခေတ်တွင် ဥပဒေကို သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်များတွင် စီးပွားရေးပညာနှင့် ဥပဒေပညာများကို သင်ကြားပေးရန် ညွှန်ကြားထားရှိကြောင်း။

**ထည့်သွင်းစဉ်းစားရမည်**

စက်မှုကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများလုပ်ဆောင်ရာတွင် လျှပ်စစ်စွမ်းအင်ရရှိရေးသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်သဖြင့် ဒေသတွင်းလျှပ်စစ်စွမ်းအား ဖူလုံမှုရှိစေရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိပေါကြွယ်ဝသည့် ဝါးအရင်းအမြစ်များအသုံးချ၍ ချည်ထည်လုပ်ငန်း၊ စက္ကူလုပ်ငန်းတို့ကိုလည်း လုပ်ဆောင်နိုင်ရေး စဉ်းစားရန်လိုကြောင်း၊ မြို့ပြတည်ဆောက်ရေးနှင့်ပတ်သက်၍ ရေစီးရေလာကောင်းမွန်ရေး၊ လေကောင်းလေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရည်သင်ကြားမှုစနစ်မြင့်မားရေး၊ ကျန်းမာရေးဆိုင်ရာနှင့် သယ်ယူပို့ဆောင်မှုစနစ် Public Transportation များ ကောင်းမွန်မှုရှိရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဝယ်ရောင်းလုပ်ငန်းများ အလွန်များပြားလျက်ရှိသည်ကို တွေ့ရှိရပြီး ကုန်ထုတ်လုပ်မှုအားနည်းသည့် ပုံစံမျိုးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စီးပွားရေးလုပ်ငန်းဖြစ်အောင် တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ကချင်ပြည်နယ်သည် နယ်စပ်နယ်နိမိတ်ထိစပ်နေသည့် ဒေသတစ်ခုဖြစ်သည့်အတွက် နာရီပိုင်းအတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်များကို အဆင့်မြှင့်တင်ပြီး တင်ပို့ရောင်းချနိုင်ရန်လိုကြောင်းနှင့် ဈေးကွက်ရှိပြီးသားဖြစ်သဖြင့် အောင်မြင်အောင်လုပ်ဆောင်ကြစေလိုကြောင်း။

စာမျက်နှာ ၅ သို့ ❋

❖ ဒေသတိုးတက်ရေးလုပ်ဆောင်ရာတွင် ရေတို၊ ရေရှည်လုပ်ငန်းများကို စဉ်းစား လုပ်ဆောင်ရမည်ဖြစ်ပြီး ရေရှည်အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ပေးရမည်၊ အားပေးရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ပညာရေး၊ ကျန်းမာရေးမှအစ လိုအပ်လျက်ရှိသည့် ပညာတတ်လူသားအရင်းအမြစ်များ ထွက်ပေါ် လာအောင် အနာဂတ်အတွက် ကြိုတင်မြော်တွေး၍ လုပ်ဆောင်ပေးရန်လို

❖ စီးပွားရေးဆိုင်ရာပညာတတ်များပေါ်ထွက်ရန်နှင့် ဒီမိုကရေစီခေတ်တွင် ဥပဒေကို သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်များတွင် စီးပွားရေးပညာနှင့် ဥပဒေပညာများကို သင်ကြားပေးရန် ညွှန်ကြားထားရှိ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တိုင်းပြည်တွင် အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ခဲ့ရတိုင်း တပ်မတော်က ဦးဆောင်ဖြေရှင်းဆောင်ရွက်ပေးခဲ့ တိုင်းပြည်အတွက် လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို လုပ်ဆောင်ပေးနိုင်ရေး စိတ်နှလုံးသွင်းလုပ်ဆောင်ရန်လို

**နေပြည်တော် စက်တင်ဘာ ၁၈**

တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပြီး တပ်မတော်နှင့် နိုင်ငံ့သမိုင်းကို ခွဲခြား၍ရမည်မဟုတ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကို အလုပ်အကျွေးပြုနေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်အတွက်ပင်ဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးထောက်ပံ့ငွေများ ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

ပါဝင်နေသည်ကို သိရှိနားလည်နေရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ခေတ်ကာလနှင့် ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံစနစ်များဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ကြသည်ကို သမိုင်းကြောင်းများတွင် တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက်၌ တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်မကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကိုလေ့လာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်း ဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်နိုင်ရန် လိုအပ်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံအလိုက်ကျင့်သုံးသည့် ဒီမိုကရေစီကျင့်သုံးပုံချင်း တူညီမှုမရှိဘဲ မိမိတို့နိုင်ငံ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီသည့် ဒီမိုကရေစီကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း။

**အားမလိုအားမရဖြစ်**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး ငါးနှစ်တာသက်တမ်း အုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် မိမိတို့ရွေးချယ်ထားသည့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် အားမလိုအားမရဖြစ်ခဲ့ပြီး မျှော်မှန်းသကဲ့သို့ ဖြစ်မလာသည့်အတွက် ရွေးကောက်ပွဲအပေါ်စိတ်ပျက်လာပြီး မဲမပေးရေးလှုပ်ရှားမှု (No Vote) များဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအကြို ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးခွင့်ရှိသူ၏ ၁၄ ရာခိုင်နှုန်းခန့်သာမဲပေးခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့နောက် ရွေးကောက်ပွဲမတိုင်မီ ဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးများတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှုသံသယဖြစ်စရာများစွာ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ပြီး မဲစာရင်းရလဒ်များကို ထုတ်ပြန်ကြေညာသည့်အခါတွင် မဲမသမာမှုဖြစ်နိုင်သည့် အခြေအနေများကို တွေ့ရှိရသဖြင့် တပ်မတော်မှ မဲစာရင်းများစစ်ဆေးခဲ့ရာ ကြီးမားသည့် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ကာ နိုင်ငံတော်၏အာဏာကို မတရားသောနည်းလမ်းဖြင့် အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရသည့်အချိန်တွင် **စာမျက်နှာ ၅ သို့ ❖**

## စဉ်ဆက်မပြတ် သင်ကြားနေမှသာ တိုးတက်မှုရှိမည်

**စာသင်ကျောင်းများ ပိတ်ထားရသည်မှာ ၂ လခန့်ရှိပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများဖွင့်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ်သင်ကြားနေမှသာ တိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးများနှင့် အခြားလိုအပ်သည့် ဆေးဝါးများတင်သွင်းမှုနှင့်ပတ်သက်၍လည်း နှောင့်နှေးမှုများမရှိအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါအား ကုသနိုင်ရန်အတွက် ICU များ တည်ဆောက်ရေးအတွက်လည်း မှာကြားထားပြီးဖြစ်ကြောင်း၊ ဆေးရုံများသပ်သပ်ရပ်ရပ်ဖြင့် အဆင့်ရှိရှိဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် စစ်သည်တစ်ဦးအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။

❖ စာမျက်နှာ ၄ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ကို ချမှတ်ဆောင်ရွက်လျက် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်လျက် ရှိကြောင်း၊ လက်ရှိလုပ်ဆောင်နေမှုများသည် နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်အပေါ်တွင် ခိုင်မာစွာ ရပ်တည်နိုင်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေးကို ဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်နေစဉ် နိုင်ငံတော် အေးချမ်းသာယာမှုကို မလိုလားသူများက လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရေး အတွက် နည်းမျိုးစုံဖြင့် နှောင့်ယှက်ပြီး တိုင်းပြည်ဖျက်သည့် အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာလူမျိုးများသည် လူမှုရေးစိတ်ဓာတ်ရှိကြပြီး စုပေါင်းလုပ်ဆောင်မှုကို တန်ဖိုးထားကြကြောင်း၊ ပြီးခဲ့သည့်ကာလများတွင် ထိုကဲ့သို့ ကောင်းမွန်သည့်စိတ်ဓာတ်များ ဖျက်ဆီးခံခဲ့ရကြောင်း၊ တိုင်းပြည်တွင်း ဖြစ်ပေါ်နေသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်းလက်တွဲ၍ ဝိုင်းဝန်းကာကွယ်တားဆီးရန် လိုအပ်မည်ဖြစ်ကာ အရာရှိ စစ်သည်၊ မိသားစုများ အနေဖြင့် ဖြစ်ပေါ်နေသည့် နိုင်ငံရေး အခြေအနေများကို သိရှိနားလည်ရန် လိုအပ်ကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ လက်ရှိလုပ်ဆောင်နေမှုများသည် နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ခိုင်မာစွာရပ်တည်နိုင်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိ**

### ခွဲခြား၍ရမည်မဟုတ်

တပ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းပြည်၏အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး တပ်မတော်နှင့် နိုင်ငံ့သမိုင်းကို ခွဲခြား၍ရမည်မဟုတ်ကြောင်း၊ တပ်မတော်၏ တာဝန်သည် ပြည်ပရန်ကာကွယ်ရေးဖြစ်ပြီး ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းရန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန် ဖြစ်သော်လည်း လွတ်လပ်ရေးရရှိပြီးကတည်းက ဖြစ်ပေါ်ခဲ့သည့် လိုအပ်ချက်များနှင့် သမိုင်းကြောင်းအစဉ်အလာများအရ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခနှိမ်နင်းရေးတွင် တပ်မတော်က ဆက်လက်ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် အရာရှိ၊ စစ်သည်များအနေဖြင့် စွမ်းရည်သုံးရပ်ပြည့်ဝနေရမည်ဖြစ်ပြီး နေ့စဉ်ဆောင်ရွက်နေရသည့် ပုံမှန်လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ ❖

✻ စာမျက်မှာ ၃ မှ

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဖြစ်ပြီး အိမ်သာမှသည့်လာမည်ဖြစ်သည့်အတွက် နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ လုံခြုံရေးတို့အပြင် အဘက်ဘက်မှ ပြည့်စုံနေရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍ မြင့်မားရေးအတွက်လည်း လုပ်ဆောင်ရန်လိုကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် သာမန်ကြည့်မည်ဆိုပါက လူတစ်ဦးတစ်ယောက်၊ လူတစ်စု၏ အားကစားဖြစ်သော်လည်း အားကစားဖွံ့ဖြိုးသည့် တိုင်းပြည်တစ်ခု၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ကို များစွာဖွံ့ဖြိုးတိုးတက်စေနိုင်သဖြင့် အားကစားကို အားပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကစားကွင်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိသဖြင့် အားကစားပြုလုပ်သူ၊ လေ့ကျင့်သူများအပြင် စနစ်တကျအားပေးသည့် ပရိသတ်များရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစားအစာကို ပြည့်ဝစွာစားသုံးပါက ကိုယ်ခံအားကောင်းမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပါက ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာပေါများရေးနှင့် သာယာဝပြောရေးကို ဦးစားပေး လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်းနှင့် ဒေသနှင့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ဆက်လက်ပြောကြားခဲ့သည်။

### ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ ခရိုင်အားကစားကွင်းနှင့် ပြည်နယ်အားကစားကွင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်းအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၅ မှ

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိ ထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် အရည်အချင်း မြှင့်တင်ပေးရန်အတွက် လေ့ကျင့်ရေးဆိုင်ရာနှင့် ပညာရပ်ပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်နေရန်နှင့် လက်ရုံးတပ်များနှင့် ပူးပေါင်းစစ်ဆင်နိုင်စွမ်း တိုးတက်ကောင်းမွန်အောင် အမြဲတမ်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

**တိုင်းပြည်အတွက်ပင်ဖြစ်ရမည်**

မိမိတို့တပ်မတော်သည် စတင်သန္ဓေတည် ပေါက်ဖွားလာကတည်းကပင် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုကောင်းသည့်တပ်မတော် ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကို အလုပ်အကျွေးပြုနေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်အတွက်ပင်ဖြစ်ရမည် ဖြစ်ကြောင်း၊ တိုင်းပြည်တွင် အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ခဲ့ရတိုင်း တပ်မတော်က ဦးဆောင်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ကို သိရှိရမည်ဖြစ်ကာ တိုင်းပြည်အတွက် လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို လုပ်ဆောင်ပေးနိုင်ရေး စိတ်နှလုံးသွင်း လုပ်ဆောင်ရန်လိုကြောင်း၊

တပ်မတော်သား မိသားစုများ၏ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့ကို သတ်မှတ်ထားသည့်အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန်နှင့် စွမ်းရည်သုံးရပ် ထက်မြက်နေအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်သူခေါင်းဆောင်များအနေဖြင့် ညီညွတ်မျှတသည့် ခေါင်းဆောင်မှုရှိရန် လိုအပ်သကဲ့သို့ လက်အောက်ငယ်သားများကလည်း စည်းကမ်းသေဝပ်ပြီး စစ်သားကောင်းတစ်ယောက် ပီသအောင် နေထိုင်ကျင့်ကြံရန်လိုကြောင်း၊ မိမိတို့ ထမ်းဆောင်ရသည့်တာဝန်နှင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို မြေပြင်လက်တွေ့ပေါင်းစပ်၍ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်ရမည်ဖြစ်ကြောင်း၊ အဆင့်နှင့်လျော်ညီသည့် လစာ၊ ရိက္ခာနှင့် ရပိုင်ခွင့်များကို လုပ်ဆောင်ပေးထားပြီးဖြစ်သဖြင့် မိမိဘဝတိုးတက်ရေးကို ထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို သုံးစွဲခြင်း၊ ဝင်ငွေ၊ ထွက်ငွေ မျှတအောင် သုံးစွဲနိုင်မှုမရှိခြင်းတို့ကို ကိုယ်ပိုင်အသိစိတ်များဖြင့် ဆင်ခြင်ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များတွင် တာဝန်ကျေပွန်အောင် ထမ်းဆောင်သကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**လုပ်ဆောင်နိုင်ခဲ့**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများနှင့် ပတ်သက်၍ တတိယလှိုင်းဖြစ်ပွားစဉ်အချိန်က ဖြစ်ပွားမှုနှုန်း ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လက်ရှိအချိန်တွင် ဖြစ်ပွားမှုနှုန်း ၁၀ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိသည်အထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မျှော်မှန်းထားသည့်အတိုင်းအတာတစ်ခုအထိ လျော့ကျလာမှသာလျှင် ပညာရေးအပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကူးစက်ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ နေအိမ်တွင်နေထိုင်ရေး (Stay at Home)ကာလအတွင်း စည်းကမ်းစနစ်တကျနေထိုင်ရန်နှင့် မိမိဘဝတိုးတက်ရေးအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေး ထောက်ပံ့ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **မိမိတို့တပ်မတော်သည် စတင်သန္ဓေတည် ပေါက်ဖွားလာကတည်းကပင် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုကောင်းသည့် တပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကို အလုပ်အကျွေးပြုနေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်အတွက်ပင်ဖြစ်ရမည်**


## ပဲခူးမြို့၌ ဆွမ်းဆန်တော်နှင့် စားသောက်ကုန်များ ဆက်ကပ်လှူဒါန်း

**ပဲခူး စက်တင်ဘာ ၁၈**

ပဲခူးမြို့တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်မိသားစုများ သက်သာချောင်ချိရေးအတွက် ဆန်နှင့် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများ၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ ချမ်းမြေ့ဇေယျာ သာမဏေကျော်တက္ကသိုလ် ကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူကြသည့် ဆရာတော်/သံဃာတော် ၃၃၈ ပါးအတွက် ဆန်အိတ် ၇၀၊ ဆီပိဿာ ၃၄၀၊ ကုလားပဲ ခြောက်အိတ်၊ ဆား ခြောက်အိတ်နှင့် ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများကို ပဓာနနာယကဆရာတော်ထံသို့လည်းကောင်း၊ (၁၀)မိုင်ကုန်း ဓမ္မဒူတ ဗုဒ္ဓတက္ကသိုလ် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညိဿရာဘိဝံသထံ ဆန်အိတ် ၃၀၊ ဆီပိဿာ ၁၇၀၊ ကုလားပဲ သုံးအိတ်၊ ဆား သုံးအိတ်နှင့် ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တရုတ်နိုင်ငံသို့ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ် တင်ပို့ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ပပို့ကုန်များအနေဖြင့် သက်ဆိုင်ရာနိုင်ငံများက သတ်မှတ်ထားသည့် ကုန်ပစ္စည်းအရည်အသွေး စံချိန်စံညွှန်းများကို တိကျစွာ လိုက်နာဆောင်ရွက်မှသာ ဈေးကွက် သေချာစေမည်ဖြစ်ပြီး မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများကို ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။



**တာဝန်ယူဆောင်ရွက်ပေး**

တရုတ်နိုင်ငံသို့ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်၍ တင်ပို့ခြင်းနှင့် ပတ်သက်၍ ကုန်သွယ်မှု ချောမွေ့စေရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ၏ ညှိနှိုင်းသဘောတူညီမှုများအရ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် တင်ပို့ခွင့်ထုတ်လုပ်တင်ပို့သည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအတွက် မှတ်ပုံတင်ရန်လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သတ်မှတ်ပေးခြင်း၊ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများ မှတ်ပုံတင်၍ တရုတ်နိုင်ငံ အကောက်ခွန်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဌာန(General Administration of Customs of China- GACC)သို့ ဆက်သွယ်ပေးပို့ခြင်း စသည့် လုပ်ငန်းစဉ်များကို စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြောင်းချဉ်ဖတ် ထုတ်လုပ်ရန် စိုက်ပျိုးသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တင်ပို့သူလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် တင်ပို့ရန်အတွက် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (Phyto-sanitary Ceritifcate-PC) လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမည့်အချက်များကိုလည်း သက်ဆိုင်သူများသိရှိ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် အသိပေးကြေညာချက်များ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် ထုတ်လုပ်ရန် ပြောင်းစိုက်ပျိုးထုတ်လုပ်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များအဖြစ် စိုက်နည်းစနစ်ဆိုင်ရာနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာများတွင် လိုက်နာရန်အချက်များ၊ သွင်းအားစုနှင့် မျိုးဆိုင်ရာ သတ်မှတ်ချက်များ၊ စိုက်ကွင်းနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရန်လိုအပ်ချက်များ ပါဝင်ပြီး တင်ပို့သူ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် မှတ်ပုံတင်ခြင်း ပြုပြင်ထုပ်ပိုးခြင်း၊ သို့လှောင်၊ တင်ပို့ရာတွင် လိုက်နာရမည့် အချက်များနှင့် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များအပေါ် တိကျစွာလိုက်နာရန် လိုအပ်ချက်များကို အသေးစိတ်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူလူထုနှင့် ပူးပေါင်း၍ ရပ်/ရွာအေးချမ်းသာယာရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများကို ပြတ်ပြတ်သားသား ထိထိရောက်ရောက် အရေးယူဆောင်ရွက်




**နေပြည်တော် စက်တင်ဘာ ၁၈**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါ၍ မုံရွာမြို့ တိုင်းအားကစားရုံတွင် လည်းကောင်း၊ ညနေပိုင်းတွင် စစ်ကိုင်းမြို့ရှိ ရဲလေ့ကျင့်ရေးကျောင်းတွင် လည်းကောင်း၊ ယနေ့ နံနက်ပိုင်းတွင် ပခုက္ကူမြို့ နယ်မြေခံတပ်နယ်ခန်းမတွင် လည်းကောင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖြစ်ပေါ်လာရသည့် အခြေအနေများ၊ အေးချမ်းစွာဆန္ဒပြမှုဖြစ်စဉ်များအတွင်း ဒီမိုကရေစီ ကျင့်စဉ်များနှင့်အညီ နားလည်လက်ခံခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့အရပ်သား ပြည်သူလူထုများ၊ ကလေးငယ်များပါမချန် လုပ်ကြံသတ်ဖြတ်လာမှုအပေါ် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ နိုင်ငံတည်ငြိမ်ရေးအတွက် သောင်းကျန်းသူချေမှုန်းရေးတွင် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ တစ်မျိုးသားလုံး လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ပြည်သူလူထုနှင့် ပူးပေါင်း၍ ရပ်/ရွာအေးချမ်းသာယာရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများကို ပြတ်ပြတ်သားသား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ ရဲလေ့ကျင့်ရေးကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် သင်တန်းကျောင်းရှိ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များကို တွေ့ဆုံခဲ့၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံမေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံစဉ်။

**မြစ်ကြီးနား စက်တင်ဘာ ၁၈**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကချင်ပြည်နယ် ခရီးစဉ်အတွင်း လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြည်နယ်အတွင်းရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြည်နယ်သစ်တောဦးစီးဌာန ဧည့်ရိပ်သာ၌ လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနအောက်ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**❖ လာအိုနိုင်ငံမှ**

ထိုသို့ စိစစ်လက်ခံရာတွင် စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်း၊ တာချီလိတ်မြို့ ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များက ကြိုဆိုလက်ခံခဲ့ကြပြီး ၎င်းနေရပ်ပြန် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ RDT RAPID Test Kit စနစ်ဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရောဂါပိုးတွေ့ရှိသူ အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း နှစ်ဦးရှိကြောင်းနှင့် ယင်းတို့ကို ကုသရေးစင်တာသို့ ချက်ချင်းပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိသည့် နေရပ်ပြန် ပြည်သူ ၁၉၈ ဦးကို ဝမ်လုံးအသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ခေတ္တထားရှိပြီး တတိယမြောက်နေ့တွင် ဒုတိယအကြိမ် ထပ်မံစစ်ဆေး၍ ပိုးကင်းစင်မှသာ သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံမှ ရွှေ့ပြောင်း မြန်မာအလုပ်သမားများအား ဇူလိုင် ၃၀ ရက်မှ စတင်လက်ခံခဲ့ကြရာ ယနေ့အချိန်ထိ (၁၁)ကြိမ်ရှိပြီး စုစုပေါင်း ၃၀၇၁ ဦးရှိပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား သက်ဆိုင်ရာနေရပ်ဒေသအသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ယာဉ်များကို အခမဲ့စီစဉ်ပေးကာ သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည်။

**ယာဆေး(ပြန်/ဆက်)**

# တစ်နိုင်ငံလုံး မိုးစပါးပျမ်းမျှ တစ်ဧက တင်း ၁၀၀ နွေစပါးပျမ်းမျှ တစ်ဧက တင်း ၁၂၀ ထွက်ရှိရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၈**
သဘာဝမြေဩဇာပုံများ လက်တွေ့ပြုလုပ်သုံးစွဲရန် ပညာပေးဆောင်ရွက်ရာ၌ တောင်သူများ အလွယ်တကူ လိုက်ပါလုပ်ဆောင်နိုင်ကြသော နည်းစနစ်များ ဖြစ်စေရေး၊ သီးနှံတစ်ခု ဆွတ်ခူးရိတ်သိမ်းပြီး နောက်သီးနှံမစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာများ ပြုလုပ်သုံးစွဲနိုင်ရေးနှင့် သဘာဝမြေဩဇာကို ရေရှည်သုံးစွဲနိုင်ကြစေရန် အများအပြားထုတ်လုပ်သုံးစွဲနိုင်သည့် မြေဆွေးပုံပြုလုပ်နည်း တောင်သူပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်များရှိ မိုးစပါးစိုက်ခင်းများ၊ သဘာဝမြေဩဇာပုံများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တာဝန်ရှိသူများအား ပြောကြားသည်။

ရေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု မိုးစပါးစိုက်ခင်းများ၊ သဘာဝမြေဩဇာပုံများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် မိုးစပါး ဧက ၁၀၀ စိုက်ခင်းသို့ရောက်ရှိပြီး ဝန်ထမ်းများ၊ တောင်သူများနှင့် တွေ့ဆုံစဉ် မိုးစပါးတစ်ဧကတင်း ၁၀၀ အထွက်နှုန်းရရှိရေး ဆောင်ရွက်ရာတွင် ယခင်နှစ်မိုးစပါးအထွက်နှုန်းကို အခြေခံပြီး ယခုနှစ်တင်း ၁၀၀ အထွက်နှုန်းရရှိရေးအတွက် လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်စေလိုကြောင်း၊ တစ်နိုင်ငံလုံး မိုးစပါးပျမ်းမျှ တစ်ဧက တင်း ၁၀၀၊ နွေစပါးပျမ်းမျှ တစ်ဧက တင်း ၁၂၀ ထွက်ရှိရေးအတွက် နောက်ထပ် နှစ်နှစ်၊ သုံးနှစ်ခန့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးစပါး တင်း ၁၀၀ ထွက်ရှိအောင် ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ သွင်းအားစုများအား အချိန်ကိုက် အချိုးညီသုံးစွဲခြင်း၊ ရေသွင်းရေခန်းစနစ် လိုက်နာကျင့်သုံးခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း စသည့် အထွက်တိုးနည်းလမ်းများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်စေလိုကြောင်း၊ ယခုလက်ရှိ စိုက်ခင်းအနေအထားကို အခြေခံပြီး တင်း ၁၀၀ နှင့်အထက် အထွက်နှုန်းရရှိရေးအတွက် ရှိရမည့် ပင်ပွားဦးရေ၊ တစ်နှံပါ အောင်စေ့များ ရရှိအောင်၊ အဖျင်းအမှော်နည်းအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး မိုးစပါး ဧက ၁၀၀ စံပြစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုများနှင့် သဘာဝမြေဩဇာ မြေဆွေးပုံ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမုန်းမဖက် အပြုံးတစ်သက်တာ လုပ်ငန်းခွင်

နွေဦးမောင်

> **ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်းဟူသည့် စကားနှင့်အညီ မိမိတို့အဆွေခင်ပွန်း အသိုက်အဝန်းကို မည်သည့်နည်းနှင့်မျှ ပျက်စီးစေကြောင်း အားမထုတ်ကောင်းပေ။ မိမိပါဝင်သော ဝန်ထမ်းတို့၏ အသိုက်အဝန်းကို ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်ကြိုးပမ်း ထောက်ပံ့ပေးကြရမည်သာ ဖြစ်ပါသည်။ သို့အတွက် မိမိတို့၏သဘောထားအမြင်များကို မိမိတို့အသိုက်အဝန်းနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်လေ့ကျင့်သင့်လှပါသည်**

ကျွန်တော်တို့သည် တစ်ခါတစ်ရံ မိမိတစ်ကိုယ်တည်း ကိုယ်နှင့်စိတ်ပင်လျှင် ဟန်မရ အံမကျ ဖြစ်ရသည်ကို ကြုံဖူးကြပါလိမ့်မည်။ ထိုသို့ဆိုလျှင် မိသားစုတစ်ခုတွင် မိခင်၊ ဖခင်တို့အပြင် သားသမီးများရှိကြသည့်အတွက် အနည်းဆုံး လူနှစ်ဦးရှိလျှင်ပင် စိတ်နှစ်မျိုးရှိနေပြီ ဖြစ်သောကြောင့် မိသားစုတွင် ပါဝင်သူများအနေဖြင့် စိတ်အနေအထားအမျိုးမျိုး ရှိနေကြမည်မှာ ယုံမှား ဖွယ်မရှိပါပေ။ ထိုနည်းတူ မိသားစုများစွာမှ မွေးဖွား လာပြီး ဘဝဖြတ်သန်းမှုအထွေထွေ ကြုံခဲ့ရသည့် လူပုဂ္ဂိုလ်များနှင့် ပေါင်းစည်းထားသော လုပ်ငန်းခွင် တစ်ခုတွင် လူအမျိုးမျိုးတို့၏ စိတ်အထွေထွေ ရှိနေကြမည်မှာ အသေအချာပင် ဖြစ်ပါသည်။

သို့အတွက် လုပ်ငန်းခွင်တွင် တာဝန်ထမ်း ဆောင်နေကြသော အမှုထမ်း၊ အရာထမ်းများသည် မိမိတို့ ပူးပေါင်းဆောင်ရွက်ကြရသည့် ပုဂ္ဂိုလ်အသီး သီးတို့နှင့် ထိတွေ့ပြောဆိုဆက်ဆံရာ၌ အစဉ်ထာဝရ စိတ်ထားမွန်မြတ် သဘောထားတည့်မတ်နေဖို့ လိုပါ သည်။ မိမိတို့၏အလိုဆန္ဒ၊ မိမိတို့၏ စိတ်အခြေ အနေနှင့် အခါခပ်သိမ်း တိုက်ဆိုင်ညီညွတ်ခြင်း မရှိစေ ကာမူ ကြုံတွေ့နေရသည့် ပြုမူဆောင်ရွက်ချက် အားလုံးတို့အတွက် ပုဂ္ဂလိက ခံစားချက်ကို ရှေ့တန်း မတင်ဘဲ ဖြေရှင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ဗြဟ္မစိုရ်တရားကို လက်ကိုင်ထား

စင်စစ် အလုပ်ခွင်မှ အမှုထမ်း၊ အရာထမ်းများ သည် ပြည်သူလူထုကို အလုပ်အကျွေး ပြုကြရသူများ ဖြစ်ပါသည်။ မိမိတို့၏ တာဝန်များကို ဆောင်ရွက်ရာ တွင် ဝန်ထမ်းအချင်းချင်း အပေးအယူမျှမျှ အေးအတူ ပူအမျှ လက်တွဲအလုပ်လုပ်ကြရပါမည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် မိမိတို့ ဝန်ထမ်းအချင်းချင်းသည် ခင်မင်ရင်းနှီးမှု၊ အချင်းချင်း အနစ်နာခံတတ်မှု၊ ကူညီ ရိုင်းပင်းမှု၊ အတူတကွ ဖြေရှင်းဆောင်ရွက်တတ်မှု၊ စည်းလုံးညီညွတ်မှုများဖြင့် တာဝန်ထမ်းဆောင်ကြ ရပါမည်။ မိမိတို့ စိတ်ဆန္ဒများကို ဦးစားမပေးဘဲ ဖြစ်သင့်ဖြစ်ထိုက်သည်များကို အလေးထားကြရပါ မည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရား များကို ပေါင်းစပ်ထားသော ဗြဟ္မစိုရ်တရားကို လက်ကိုင်ထားကာ ဆောင်ရွက်ကြပါလျှင် မိမိကိုယ် တိုင်သာမက မိမိဝန်းကျင်မှ မိတ်ဆွေအပေါင်းအသင်း များပါ စိတ်ချမ်းသာကြရမည်မှာ မလွဲပါ။

သို့သော် လုပ်ငန်းခွင်ဟူသည် နယ်ပယ်အသီး သီးမှ လူပုဂ္ဂိုလ်အမျိုးမျိုးတို့ ပေါင်းစုထားသည့် နေရာတစ်ခု ဖြစ်ပေရာ စိတ်အမျိုးမျိုး အတွေးအခေါ် အထွေထွေတို့ ရှိကြပါသည်။ ထိုစိတ်သဘောထား အမျိုးမျိုးတို့သည် မိမိတို့ဖြတ်သန်းလာခဲ့ရာ ဘဝပုံစံ အမျိုးမျိုးကို အခြေခံလျက် အရောင်အမျိုးမျိုး၊ ပုံစံ အမျိုးမျိုးနှင့် လမ်းကြောင်းအမျိုးမျိုးတို့ဖြင့် ဖြစ်တည် နေကြပါသည်။ ထို့ကြောင့် မည်မျှပင် စိတ်ကို ထိန်းသိမ်းသော်ငြား ပုထုဇဉ် လူသားများ ဖြစ်ကြသည့် အားလျော်စွာ မိမိစိတ်ကို မထိန်းလိုက်မိသည့် တစ်ခဏတွင် မိမိကြောင့် တစ်ဖက်သားတွင် ဖြစ်ပျက် သွားရသော ခံစားချက် အဖုအထစ်များကို အချိန်မီ ကုစားဖြေဖျောက်သင့်လှသည်။ ရင်ထဲအသည်းထဲမှ လှိုက်လှဲစွာဖြင့် လေးပင်လှသော အပြစ်ဝန်တို့ကို လျော့ကျစေရန် အချိန်မီ တောင်းပန်သင့်လှသည်။ ထို့အတူ မိမိကို နစ်နစ်နာနာ ထိခိုက်ပြောဆို တိုက် ခိုက်မှုများနှင့် ကြုံလာရပါကလည်း ရင်ထဲအသည်း ထဲက နာကျင်မှု၊ ဝမ်းနည်းမှုဝေဒနာကြောင့် တဒင်္ဂမျှ နှလုံးသွေးဆူပွက် အမျက်ထွက်မိတတ်ကြပါသည်။ ထိုအခိုက်အတန့်တွင် ဆင်ရိုင်းကို ချွန်းဖြင့် အုပ်သကဲ့ သို့ မိမိ၏ စိတ်ရိုင်းများကို အချိန်မီထိန်းသိမ်းနိုင်ကြရန် လေ့ကျင့်ကြိုးစားသင့်ပါသည်။ ဖြစ်ခဲ့ပြီးသမျှကို သဘောထားကြီးစွာဖြင့် အတိတ်တွင် ထားရစ်ခဲ့နိုင်သူ ဖြစ်စေရန် မိမိတို့၏ စိတ်ဓာတ်ကို အဆင့်မြှင့်တင် ကြရပါမည်။ ဖြစ်ခဲ့ပြီးသမျှကို လက်ရှိပစ္စုပ္ပန်သို့ သယ် ဆောင်လာမိခြင်း မရှိစေရန် အသိနှင့် သတိတရားတို့ကို လက်ကိုင်ပြုပြီး နေထိုင်ကျင့်ကြံကြရပါမည်။ သို့မှသာ အရောင်အသွေး စွန်းထင်းမှုမရှိသော ဖြူစင်သည့် အနာ ဂတ်ကို ရောက်ရှိလျှောက်လှမ်းနိုင်ကြပါမည်။

## သဘောထားကြီးမှုနှင့် ရပ်တည်ပါ

တစ်ဖက်သားက မိမိအပေါ်တွင် ကိုယ်စိတ်နှစ်ပါး ဖြင့် ကျူးလွန်စော်ကားသည်ဟု ထင်မြင်မိပါကလည်း ခွင့်လွှတ်သည်းခံခြင်းဖြင့် မေ့ပျောက်စေကာ ပြေလည် ချစ်ကြည်စေခြင်းကို လက်ကိုင်ထားသင့်ပါသည်။ မမျှော်လင့်သည့် အခြေအနေအဖြစ် မိမိကဲ့သို့ သဘော ထားကြီးမြတ်မှုကို လက်ကိုင်မထားနိုင်သောသူများက မိမိ၏အကျိုးစီးပွား ပျက်စီးယုတ်လျော့စေရန် ပြုစု၊ စောင်းမြောင်း၊ ပုတ်ခတ်၊ ရန်ရှာ၊ ကုန်းချောနေမှုများနှင့် တွေ့ကြုံရလျှင်လည်း သဘောထားကြီးစွာ ခွင့်လွှတ် လိုက်ပါ။ သူတို့ကြောင့် မိမိ၏ အလုပ်ခွင် ရပ်တည်မှုကို ထိခိုက်လာသည့်တိုင်အောင် သဘောထားကြီးမှုနှင့် ရပ်တည်ပါ။ ရေပွက်ပမာ တစ်ဘဝတာသည် သံသရာ သမုဒ်ပြင်နှင့် နှိုင်းစာသော် အတိုင်းအတာယှဉ်မရ ပမာဏအလွန်သေးငယ်လှသောကြောင့် မိမိ၏ သဘောထားကြီးမှုကို အခွင့်ကောင်းယူ တိုက်ခိုက်သည့် တစ်ဖက်သားအတွက် သံသရာလမ်းကြောင်းတွင် ဝန်လေးစရာသာ ဖြစ်သည်ဟုသာ မှတ်ယူထားသင့်ပါ သည်။ သဘောထားကြီးသူတို့၏ နှလုံးသားအသုံးပြုပုံ ကို စဉ်းစားပြီး မိမိကိုယ်တိုင်လည်း တစ်ဖက်သားကို သဘောထားကြီးစွာဖြင့် ခွင့်လွှတ်နိုင်စေရန် ကြိုးပမ်းကြ စေလိုပါသည်။ မိမိ၏ ကိုယ်စိတ်စွမ်းရည်နှစ်ပါးကို ပိုမိုမြင့်မားသော အဆင့်အတန်းတစ်ခုသို့ ရောက်ရှိ မြှင့်တင်နိုင်ရန်အတွက် အဖိုးတန် လေ့ကျင့်ခန်းတစ်ခု ဟုလည်း မှတ်ယူနိုင်ပါသည်။

လူတိုင်းလူတိုင်းသည် ယှဉ်ပြိုင်မှုနှင့်ကြုံလာရတိုင်း မိမိသာလျှင် အနိုင်ရချင်သူချည်းသာ ဖြစ်ပါသည်။ ထိုအခါတစ်ဖက်သားအပေါ်တွင် မိမိ၏ သဘောထား ကြီးမြတ်မှုကိုပေးစွမ်းနိုင်သည့်သဘောထားကြီးသူတို့၏ နှလုံးသားကို ပိုင်ဆိုင်ထားသူများသည် အစဉ်အနိုင်ရ နေပါသည်။ တစ်ဖက်သားက အမုန်းနှင့်ယှဉ်ပြိုင်သည် ဖြစ်စေ၊ အာဃာတဖြင့် တိုက်ခိုက်လာသည်ဖြစ်စေ မိမိကို တစ်ဖက်သတ် အနိုင်ရလိုသည့်စိတ်ဖြင့် လုပ်ဆောင်နေရသည့်အတွက် သူ့ခမျာ နေ့နေ့ညည အိပ်ချိန်ပင်မကျန်အောင် ပင်ပန်းပူလောင်လှပါသည်။ ထို့အတွက် တစ်ဖက်လူ၏ ပင်ပန်းဆင်းရဲနေမှုကို မိမိ၏ ပေးနိုင်စွမ်းသည့် မေတ္တာတရားဖြင့် သဘောထားကြီး ကြီးထားကာ ခွင့်လွှတ်ပေးလိုက်လျှင် ကျူးလွန်သူသည် ပင်ပန်းဆင်းရဲမှု လျော့ကျနည်းပါးပြီး အေးငြိမ်းမှုအမှန် ရရှိခံစားရပါလိမ့်မည်။ ထိုသူ အေးငြိမ်းမှုကို ခံစားရလေ တိုင်း သဘောထားကြီးသူက သူ့ထက်ပိုပြီး အဆပေါင်း များစွာ ပီတိခံစားရမည်မှာ မလွဲပါ။ စင်စစ် အေးငြိမ်းမှု သန္တိရသကို ဖော်ဆောင်လက်ကိုင်ထားခြင်းဖြင့် မိမိ ကိုယ်တိုင်တွင်မက သူတစ်ဖက်သားတွင်ပါ ပူလောင် မှုများကို ဆေးကြောနိုင်ပါသည်။

## အမုန်းမဖက် အပြုံးသက်သက်ဖြင့် ခွဲခွာနိုင်

ထို့ကြောင့် ပြိုင်ချင်းပြိုင်လျှင် ပူလောင်သော မာန်မာနတရားတို့နှင့် မယှဉ်ပြိုင်ဘဲ အေးငြိမ်းသော သဘောထားကြီးမြတ်ခြင်းကို အခြေခံလျက် မြင့်မြတ် စွာ ယှဉ်ပြိုင်ကြစေလိုပါသည်။ လောကီလူသားများ ဖြစ်သည့်အားလျော်စွာ သာယာမှုများနှင့် ပြည့်လျှမ်းနေ သည့် ဘဝကာလများ အစဉ်အမြဲ ရှိချင်မှ ရှိပါလိမ့်မည်။ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း မတူညီသော သဘောထားများဖြင့် အချင်းချင်း ပွတ်တိုက်ထိတွေ့မှု များလည်း ရှိကောင်းပါသည်။ ထိုသို့ကြုံလာတိုင်း သဘောထားကြီးမြတ်မှုကို လက်ကိုင်ထားပြီး အရာရာ ကို ဖြေရှင်းကြသင့်သည်။ ရင့်ကျက်သောစိတ်ဓာတ် များနှင့် အမှန်တရားနှင့် အနီးစပ်ဆုံး အဖြေမှန်ကို ပြည့်ဝသော နှလုံးသားများဖြင့် အမုန်းတရားကို ပယ်ခွာ လျက် ကြည်ဖြူလှိုက်လှဲစွာ လက်ခံကြရပါမည်။ သို့မှ သာ ဝန်ထမ်းအချင်းချင်း ခွဲခွာစရာအကြောင်း ရှိလာပါ ကလည်း အမုန်းမဖက် အပြုံးသက်သက်ဖြင့် ခွဲခွာ နိုင်ကြပြီး တစ်ဘဝလုံး ဆက်လက်ခင်မင်နိုင်ကြပါ လိမ့်မည်။ သို့မဟုတ်ပါက အမုန်းနှင့်ခွဲခွာပြီး နှစ်ဦး နှစ်ဖက် တစ်သက်လုံး မျက်နှာချင်းမဆိုင်နိုင်သော အရှုံးများကိုသာ သိမ်းပိုက်သူများ ဖြစ်သွားတတ်ကြ သည်။ နှစ်ဦးနှစ်ဖက် သဘောထားကြီးမြတ်ကြပါလျှင် ဆန့်ကျင်ဘက် နှလုံးသား နှစ်စုံလုံးသည် ငြိမ်းချမ်းမှုကို ဖန်တီးခံစားရရှိကြပါလိမ့်မည်။

လုပ်ငန်းခွင်အတွင်း မာန်မာနတရားတို့ လျော့ကျ နည်းပါးပြီး သဘောထားကြီးမြတ်ခြင်းတို့ ပြည့်လျှမ်း နေသောအခါ ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခု ပေါ်ပေါက်လာပါလိမ့်မည်။ ထိုသို့ ငြိမ်းချမ်းသော ပတ်ဝန်းကျင်တွင် တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများသည် မိမိတို့၏ ဆောင်ရွက်ဖွယ်ရှိသည် များကို စိတ်လက်ချမ်းသာ ပျော်ရွှင်စွာ လုပ်ဆောင် နိုင်ကြပါမည်။ အလုပ်တက်သည့် အချိန်မှသည် အလုပ်ဆင်းသည့် အချိန်တိုင်အောင် ပျော်ရွှင်မှုများနှင့် စိတ်နှလုံးသာယာစွာ နေနိုင်ပါလိမ့်မည်။ အလုပ်ခွင် တွင် စိတ်ချမ်းသာလာသော ဝန်ထမ်းများသည် မိမိတို့၏ မိသားစုများနှင့် ပြန်လည်တွေ့ဆုံချိန်တွင် စိတ်ကြည်သာချမ်းမြေ့ ပျော်ရွှင်နေရပေလိမ့်မည်။

## ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း

စင်စစ် ဝန်ထမ်းများ၏ဘဝသည် မိဘကမွေးပြီး သူစိမ်းများအကြားတွင် နေ့စဉ် အချိန်ကာလ ရှည်လျားစွာ ဆက်ဆံနေထိုင်ရခြင်း ဖြစ်ပါသည်။ အိပ်စက်နားနေချိန်ကို ဖယ်လိုက်လျှင် မိမိတို့၏ မိသားစုဝင်ချင်း မျက်နှာချင်းဆိုင် ပြောဆိုဆက်ဆံ နေထိုင်ရသည့်အချိန်ထက် တစ်မိဘစီမှ ပေါက်ဖွား လာသော ဝန်ထမ်းအချင်းချင်း ပြောဆိုထိတွေ့ ဆက်ဆံနေထိုင်ကြရသည့်အချိန်က နေ့စဉ် ပို၍ ကာလရှည်လျားသည်ကို သတိပြုမိကြပါလိမ့်မည်။ ထို့ကြောင့်ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်းဟူသည့် စကားနှင့် အညီ မိမိတို့ အဆွေခင်ပွန်း အသိုက်အဝန်း ကို မည်သည့်နည်းနှင့်မျှ ပျက်စီးစေကြောင်း အားမထုတ်ကောင်းပေ။ မိမိပါဝင်သော ဝန်ထမ်း တို့၏ အသိုက်အဝန်းကို ကောင်းသည်ထက်ကောင်း အောင် တည်ဆောက်ကြိုးပမ်းထောက်ပံ့ပေးကြရ မည်သာဖြစ်ပါသည်။ သို့အတွက် မိမိတို့၏ သဘော ထားအမြင်များကို မိမိတို့အသိုက်အဝန်းနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်လေ့ကျင့်သင့် လှပါသည်။

အကျိုးဟူသည် အကြောင်းတရားကို မှီပြီး ဖြစ်ပေါ်ရပါသည်။ စင်စစ် အကြောင်းတရားကို မှီပြီး ဖြစ်ပေါ်လာသော အကျိုးဆက်သည် နောင်ဖြစ် လာမည့် အကြောင်းတရားအတွက် အခြေခံရင်းမြစ် ဖြစ်နေပြန်ပါသည်။ ဤဖြစ်စဉ်ကို သုံးသပ်လျက် မိမိကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရားသည် နောင်ဖြစ်လာမည့် အကြောင်းတရား၏ အခြေခံဖြစ် လာမည်မှာ သေချာနေသောကြောင့် လမ်းလျှောက် သူသည် မိမိ၏ ခြေရာကျန်ရစ်စေသကဲ့သို့ မိမိပြုလုပ် ခဲ့သော အကြောင်းတရားများက နောင်အစဉ်သဖြင့် မိမိကို ချောက်ချားစေခြင်းမပြုနိုင်စေရန် ကောင်း သော ဆောင်ရွက်မှုများကို အစဉ်ပြုလုပ်ရပါမည်။ မိမိ၏ အနာဂတ်ကောင်းကို ကြည့်မြင်နိုင်စေရန်နှင့် အတိတ်ဖြစ်ရပ်ကောင်းကောင်း ချန်ထားရစ်နိုင်စေ ရန်အတွက် လက်ရှိကာလ ပစ္စုပ္ပန်ဘဝတွင် သဘော ထားကြီးကြီးဖြင့် အရာရာကို ရင်ဆိုင်ဖြတ်ကျော်ကြ သင့်ပါသည်။ မသိနားမလည်မီက ကျူးလွန်အပြစ်များ ရှိခဲ့မိသည့်တိုင် ယခုအချိန်သည် မိမိကိုယ်ကို ပြန်လည်ပြုပြင်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း နားလည်ကြရန်လိုပါသည်။

မိမိတို့၏ ဝန်ထမ်းအသိုက်အဝန်း အစဉ်အမြဲ အေးချမ်းစေရန် မိမိတို့၏ သဘောထားကြီးမြတ်မှုဖြင့် ပေါင်းစပ်တည်ဆောက်သင့်ပါသည်။ မိမိတို့၏ သဘောထားကြီးကြီး ပြုမူဆောင်ရွက်မှုများသည် နှောင်းလူများအတွက် နမူနာယူစရာ သမိုင်းမှတ်တိုင် သဖွယ် ရှိသင့်ပါသည်။ ကိုယ်ပြုသည့်ကံသည် ကိုယ့်ထံသို့ ပဲ့တင်သံအဖြစ် ပြန်လာစမြဲ ဖြစ်ပေရာ သဘော ထားကြီးသော ဆောင်ရွက်မှုများအတွက် ပြန်လည် ရောင်ပြန်ဟပ်လာမည့် အကျိုးတရားများကို မိမိတို့ ကိုယ်တိုင် ရရှိခံစားနိုင်ပါလိမ့်မည်။ သဘောထားကြီး မြတ်မှုကို လက်ကိုင်ထားနိုင်သော ဝန်ထမ်းတိုင်း ဝန်ထမ်းဘဝ ထာဝရ အလှကိုယ်စီ ပိုင်ဆိုင်နိုင်ကြပါစေ ကြောင်း ဆုခြွေတောင်းလျက် တင်ပြလိုက်ရပါ သည်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ နေ့စဉ်ထိုးနှံပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ် ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိသူများစသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ ၆၄၉၈ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ၁၆၅ ဦး၊ မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ၃၂၄၁၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးရှိမြို့နယ်ခြောက် မြို့နယ်တို့၌ ၆၁၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်သုံးမြို့နယ်တို့၌ ၂၆၇၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ၉၇၇၀၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၌ ဘင်္ဂါလီလူမျိုး ၇၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ၆၁၈၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ၃၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ၁၀၁၅၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၀၃၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများ နှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော် ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများ နှင့် ကိုဗစ်စင်တာများ၌ တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများ အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။



**ပို့ဆောင်ပေး**

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ပြည်မြို့သို့ ကာကွယ်ဆေး ၂၈၃၇ လုံး၊ မကွေးမြို့သို့ ကာကွယ်ဆေး ၃၃၂၄၃ လုံး၊ နေပြည်တော်ကောင်စီနယ်မြေသို့ ကာကွယ်ဆေး ၁၀၇၇၃၆ လုံးတို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

**အမြန်ဆုံးထိုးနှံပေးနိုင်ရေး**

ယင်းသို့ ပို့ဆောင်ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဦးတည် အုပ်စု လူဦးရေ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ)မှ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီး၌ ဆက်လက် လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ကိုးဦးနှင့် အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၄၃ ဦးကိုလည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၂၀၀၊ ကရင်ပြည်နယ်၊ မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၉ ဦးနှင့် အမျိုးသမီး ၈၈ ဦး စုစုပေါင်း ၂၀၇ ဦး တို့ကို အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antiviral** | | | | |
| 1 | P.O-Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 2 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 3 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 4 | PO-Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 5 | P.O-Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 6 | P.O-Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 7 | P.O-Cefixime | Box of 3x10's | 3600 | Aorta |
| 8 | P.O-Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 9 | Injection-Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 10 | Injection-Ceftriazone 1G | 1's | 700 | KCL |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page http://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားချက်

မျိုးငြိမ်းငယ်

**မိမိ၏စိတ်ခံစားမှုများအခြေအနေကို ကိုယ်တိုင်သိရှိ နားလည်ထားမည်ဆိုပါက မိမိကိုယ်ကိုထိန်းသိမ်းခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ အများနှင့်ပေါင်းသင်းဆက်ဆံခြင်း၊ ပြဿနာတစ်ရပ်အပေါ်ရှုမြင်ခြင်းနှင့် ဖြေရှင်းခြင်းတို့ကဲ့သို့သော အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ကောင်းသောအကျိုးဆက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စိတ်ခံစားချက်များနှင့် ဆင်ခြင်စဉ်းစားမှု တို့ကို ချိန်ဆအသုံးပြုမည်ဆိုပါက လူသားဆန်၍ မှန်ကန်သော အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူနှင့် လုပ်ဆောင်ချက်များ ရရှိနိုင်မည်**

မိမိပတ်ဝန်းကျင်တွင် နေ့စဉ်လိုလို မြင်တွေ့ခံစားရသည့် အကြောင်းအရာများအနက် လူတစ်ဦးချင်းစီအနေဖြင့် ကိုယ်တိုင်တွေ့ကြုံလာသည့် ကိစ္စရပ်များကို မည်သို့ရှုမြင်ကြသည်၊ မည်သို့နားလည်လက်ခံကြသည်နှင့် မည်သည့်ပုံစံဖြင့် တုံ့ပြန်ကြသည်ဆိုသည်မှာ လွန်စွာစိတ်ဝင်စားဖွယ် ဖြစ်သည်။

## လူ့သဘော

လူတစ်ယောက်သည် စိတ်ပျော်ရွှင်သည့်အချိန်တွင် ရယ်ရယ်မောမောဖြင့် ပြုမူဆက်ဆံပြောဆိုတတ်၍ စိတ်ဆိုးစိတ်ညစ်နေသည့်အချိန်တွင် အော်တတ်၊ ငေါက်တတ်၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလုပ်ဆောင်တတ်ကြသည်ကို ကြုံဖူးကြပေလိမ့်မည်။ လူတိုင်းဖြစ်တတ်လေ့ရှိသည်ဟုတော့ မဆိုလိုပါ။ အချို့သည် မိမိစိတ်ခံစားချက်အား သိမြင်နိုင်၊ ထိန်းသိမ်းနိုင်၊ နားလည်လက်ခံနိုင်၊ ဆင်ခြင်စဉ်းစားနိုင်ကြသူများစွာလည်း ရှိကြသည်။ စိတ်ခံစားချက်နောက်လိုက်သူများနှင့် စိတ်ခံစားချက်ကို ဆင်ခြင်ထိန်းသိမ်းနိုင်စွမ်းရှိသူများဟု ပိုင်းခြားဆိုရမည်ဖြစ်သည်။

စိတ်ခံစားချက်များဆိုသည်က လူတိုင်းတွင်ရှိတတ်ကြသည့် လူ့သဘောဖြစ်ရာ စိတ်ရှိနေသမျှ စိတ်ခံစားချက်ဆိုသည်ကလည်း ရှိနေပါမည်။ စိတ်ခံစားချက်ရှိခြင်းသည် သဘာဝဖြစ်ပြီး စိတ်ခံစားချက်ကို နည်းလည်နိုင်စွမ်းနှင့် တုံ့ပြန်မှုနည်းလမ်းသည် ကာယကံရှင်၏ အရည်အသွေးဖြစ်ပါသည်။

## စိတ်ခံစားမှုများ

စိတ်ခံစားမှုများသည် အတွေးများ၊ ခံစားချက်များ၊ အပြုအမူဆိုင်ရာ တုံ့ပြန်မှုများနှင့် ကျေနပ်မှု သို့မဟုတ် မကျေနပ်မှုတို့နှင့် များစွာဆက်စပ်နေသည့် ဇီဝဗေဒအခြေပြု စိတ်အခြေအနေများဟု ဆိုပါသည်။ ယင်းခံစားချက်များသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တွေ့ကြုံခံစားရမှုများကြောင့် ဖြစ်ပေါ်လာတတ်ပြီး မိမိ၏အတွင်းနှင့်အပြင် အဖြစ်အပျက်များအပေါ် တုံ့ပြန်တတ်လေ့ရှိပါသည်။

အရစ်တိုတယ် (ဘီစီ ၃၈၄-၃၂၂) ကမူ စိတ်ခံစားမှုများသည် လူတို့၏ဆုံးဖြတ်ချက်များအပေါ် အကျိုးသက်ရောက်နေသဖြင့် လူတို့အားပြောင်းလဲစေသည့် ခံစားမှုများဖြစ်သည်။ ယင်းစိတ်ခံစားချက်များတွင် နာကျင်မှု သို့မဟုတ် ကျေနပ်မှုများ၊ ဒေါသ၊ သနားကြင်နာမှု၊ နှစ်သက်မှုတို့နှင့် ယင်းတို့၏ ဆန့်ကျင်ဘက်များ ပါဝင်ကြောင်း ဆိုပါသည်။

ထို့အပြင် စိတ်ခံစားချက်များသည် အများအားဖြင့် ရှင်းလင်းစွာသိမြင်မှုနှင့် ဆုံးဖြတ်နိုင်စွမ်းတို့နှင့် ကွဲပြားခြားနားတတ်ကြသည်။ ကိုယ်ချင်းစာစိတ်၊ သနားကြင်နာစိတ်ကဲ့သို့သော အချို့သော အပြုသဘော စိတ်ခံစားချက်များသည် ဝေဖန်စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်တိုးတက်စေနိုင်သော်လည်း ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ ဒေါသစိတ် ကဲ့သို့သော စိတ်ခံစားချက်များသည် ဝေဖန်စဉ်းစားတွေးခေါ်ရာတွင် အဟန့်အတားများ ဖြစ်စေတတ်ပါသည်။ အပြုသဘောစိတ်ခံစားချက်နှင့် အပျက်သဘော စိတ်ခံစားချက်များအလိုက် ယင်းခံစားချက်များအပေါ် ထိန်းသိမ်းနိုင်မှုနှင့် တုံ့ပြန်မှု နည်းလမ်းများအပေါ် မူတည်၍ ကောင်းကျိုး၊ ဆိုးကျိုး အကျိုးဆက်များ ကွာခြားသွားမည်ဖြစ်သည်။

## ကျိုးကြောင်းဆင်ခြင်မှု

ကျိုးကြောင်းဆင်ခြင်မှုသည် အထောက်အထား၊ အချက်အလက်များအပေါ် အခြေခံသည့် ဆုံးဖြတ်ချက် သို့မဟုတ် ကောက်ချက်ချမှုကို အထောက်အပံ့ဖြစ်စေသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် ပြဿနာတစ်ရပ်ဖြေရှင်းသည့် နည်းလမ်းများအသုံးပြုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ ပါဝင်ပါသည်။ အထောက်အထားအခြေပြု၊ ယုတ္တိဗေဒအခြေပြုစဉ်းစားသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ကောင်းမွန်သည့် ဘဝရွေးချယ်မှုဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ အခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင်လည်းကောင်း၊ ပြဿနာများဖြေရှင်းရာတွင်လည်းကောင်း မရှိမဖြစ်လိုအပ်ချက်တစ်ရပ် ဖြစ်ပေသည်။

ကျိုးကြောင်းဆင်ခြင်မှုသည် စိတ်ခံစားချက်များအပေါ် အခြေခံလေ့မရှိဘဲ ဖြစ်ပွားနေသည့် ဖြစ်စဉ်ဖြစ်ရပ်၊ အရင်းခံအကြောင်းတရားများ၊ ကြောင်းကျိုးဆက်စပ်မှုနှင့် ဖြစ်လာနိုင်သည့် အကျိုးဆက်များအပေါ်တွင်သာ အခြေပြုဆင်ခြင်စဉ်းစား ဆုံးဖြတ်ခြင်းဖြစ်သည်။

## လွန်ဆွဲတတ်သည့်အရာ

ခံစားချက်တစ်ခုခုရှိသူတစ်ယောက်အနေဖြင့် မိမိခံစားချက်အတိုင်း အတွေး၊ အကြံ၊ အပြော၊ အပြုအမူတို့နှင့် လွန်ဆွဲတတ်သည်မှာ ကျိုးကြောင်းဆင်ခြင်မှု ဖြစ်ပါသည်။ ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားမှုသည် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတွင် အရေးပါသော အစိတ်အပိုင်းများဖြစ်ကြပြီး ယင်းတို့ အခန်းကဏ္ဍအား ခွဲခြား၍ဖြစ်စေ၊ ပူးတွဲလျက်ဖြစ်စေ နားလည်ခြင်းသည် ဝေဖန်ပိုင်းခြားစဉ်းစားရာတွင် အရေးပါသည့် ရှုမြင်မှုတစ်ခုဖြစ်သည်။ ယင်းအရာနှစ်ခုသည် တစ်ခါတစ်ရံ ရောယှက်သွားတတ်သော်လည်း မိမိ၏ ကျိုးကြောင်းဆင်ခြင်မှု သို့မဟုတ် စိတ်ခံစားမှုများဖြင့် ရွေးချယ်ဆုံးဖြတ်ခြင်းသည် ကိုယ်တိုင်၏ လတ်တလောစိတ်ကျေနပ်မှုအတွက်ဖြစ်စေ၊ ရေရှည်စိတ်ကျေနပ်မှုအတွက်ဖြစ်စေ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

လူ့သဘာဝအရ စိတ်ခံစားချက်များသည် မိမိတို့၏ စဉ်းစားတွေးခေါ်မှုများအပေါ် လွှမ်းမိုးနိုင်သည့် စွမ်းအားများရှိကြသည်။ သဘောမှာ မိမိတို့သည် အများအားဖြင့် မိမိတို့၏ စိတ်ခံစားချက်များနှင့် သဘောထားများအပေါ် အခြေပြု စဉ်းစားတတ်လေ့ရှိကြခြင်းပင်ဖြစ်သည်။။

Phychology Today အဆိုအရ လူအများစုသည် ကျိုးကြောင်းဆင်ခြင်မှုဖြင့် ဆုံးဖြတ်ချက် ချမှတ်ကြသည်ဆိုသည့်တိုင် ဆုံးဖြတ်ချက်အများစုသည် စိတ်ခံစားချက်များ၏ စေ့ဆော်တိုက်တွန်းချက်များမှ လာသည်ဟု ဆိုပါသည်။ စိတ်ခံစားချက်များသည် အင်အားပြင်းထန်ကြပါသည်။ ထို့အပြင် တိကျခိုင်မာ၍ ပိုင်းခြားဝေဖန်သည့် လုပ်ငန်းစဉ်အသုံးပြု၍ ဆုံးဖြတ်ချက်ချနိုင်သည့် ကျိုးကြောင်းဆင်ခြင်မှုသည် မိမိတို့ဘဝတွင် တစ်ခါတစ်ရံ ပျောက်ဆုံးသွားတတ်ကြပြီး ဆုံးဖြတ်ချက်များကို ကြောင်းကျိုးဆင်ခြင်၍ ဆုံးဖြတ်တတ်လေ့ရှိသည့်တိုင် တစ်ခါတစ်ရံ စိတ်၏အလိုနောက် ပါသွားတတ်ကြတတ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် စိတ်ခံစားမှုတို့သည် ဆုံးဖြတ်ချက်များချမှတ်သည့် လုပ်ငန်းစဉ်တွင် ယင်းတို့နှစ်ခုလုံးမှာ အစွမ်းထက်ကြပါသည်။ ကျိုးကြောင်းဆင်ခြင်မှုသည် ပုံမှန်အားဖြင့် အကောင်းဆုံးသော ဆုံးဖြတ်ချက်များရရှိရန် ခိုင်မာသော ယုတ္တိဗေဒနည်းကိုအသုံးပြု၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ အခြားတစ်ဖက်တွင် စိတ်ခံစားမှုသည် မိမိ၏စိတ်အလိုဆန္ဒအစစ်အမှန်ဖြစ်သည်။ အကယ်၍ ကျိုးကြောင်းဆင်ခြင်မှုသည် ဦးနှောက်ဖြစ်သည်ဆိုပါက စိတ်ခံစားမှုများသည် နှလုံးသားဖြစ်၍ ပျော်ရွှင်မှုများဖော်ဆောင်ရာနေရာဟု ဆိုနိုင်ပါသည်။ သို့သော် ဆုံးဖြတ်ချက်ချမှတ်ရသည့်အခါတွင် ယင်းတို့နှစ်ခုစလုံးတွင် အားနည်းချက်၊ အားသာချက်များ ရှိနေတတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

## စိတ်ခံစားမှုလိုအပ်ခြင်း

စိတ်ကျေနပ်ဖွယ်ဘဝတစ်ခု ဖြစ်ရန်အတွက် စိတ်၏ခံစားမှုများမပါဘဲ ကျိုးကြောင်းဆင်ခြင်မှုဖြင့် အမြဲတစေ မပြည့်စုံနိုင်ကြချေ။ အထူးသဖြင့် ဘဝတစ်ခုလုံး စိတ်ကျေနပ်မှုအတွက်ဖြစ်စေ၊ လတ်တလော စိတ်ကျေနပ်မှုအတွက်ဖြစ်စေ စိတ်ခံစားမှုများ လိုအပ်ပါသည်။ လူမှုပေါင်းသင်းဆက်ဆံရေး၊ အလုပ်အကိုင်နှင့် အခြားသော အဓိကဆုံးဖြတ်ချက်များသည် အစဉ်သဖြင့် စာရွက်နှင့်ဘောပင် ဆုံးဖြတ်ချက်များ မဖြစ်နိုင်ချေ။ ဥပမာအားဖြင့် လက်တွဲဖော်တစ်ဦးသည် ယုတ္တိဗေဒသဘောအရ စာရွက်ပေါ်တွင် အဆင်ပြေနိုင်သော်လည်း လက်တွေ့တွင် မေတ္တာတရားနှင့် စိတ်လှုပ်ရှားမှု မပေးနိုင်သည်များလည်း ရှိတတ်ကြသဖြင့် ယင်းတို့သည် မှန်ကန်သော လက်တွဲဖော်အဖြစ် မဆိုနိုင်ချေ။

ထို့အတူ အချို့သော ကိစ္စရပ်များသည် ကျိုးကြောင်းဆင်ခြင်မှုအရဖြစ်စေ၊ အချက်အလက် အထောက်အထားအရဖြစ်စေ၊ ယုတ္တိဗေဒသဘောအရဖြစ်စေ မှန်ကောင်း မှန်နိုင်သော်လည်း လူသားဆန်မှုရှုထောင့်မှကြည့်လျှင် ပြီးပြည့်စုံသည်ဟု မဆိုလိုနိုင်ချေ။ ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားချက်ကို မျှတစွာ ချင့်ချိန်အသုံးချရန် လိုအပ်သည့်သဘောပင်ဖြစ်သည်။

## ဘယ်ဟာအကောင်းဆုံးလဲ

များစွာသောနည်းလမ်းများအနက် ကျိုးကြောင်းဆင်ခြင်မှုသည် စိတ်ခံစားမှုထက် ပိုမိုကောင်းမွန်ပါသည်။ မိမိအနေဖြင့် ဆုံးဖြတ်ချက်တစ်ခုမချမှတ်မီ ပိုမိုဝေဖန်သုံးသပ်စဉ်းစား၍ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားနိုင်ပါက ဆုံးဖြတ်ချက်များသည် မိမိအတွက် အကောင်းဆုံးဖြစ်နိုင်ခြေများလေ ဖြစ်ပါသည်။ မိမိတို့၏ စိတ်ခံစားချက်များနှင့် အစွဲများအရ လုပ်ဆောင်မှုနည်းလေ စိတ်လိုက်မာန်ပါ ပြုလုပ်မှုနှင့် ကြောင်းကျိုးမဆီလျော်သည့် ဆုံးဖြတ်ချက်ချမှတ်မှု နည်းလေဖြစ်ပါသည်။ စိတ်ခံစားချက်သည် လူ့သားတစ်ဦးအနေဖြင့် လိုအပ်သည်ဖြစ်သော်လည်း အရာရာတိုင်းအား စိတ်ခံစားချက်ဖြင့် ချဉ်းကပ်ဆုံးဖြတ်လုပ်ကိုင်ရန် ခက်ခဲပါသည်။ အထူးသဖြင့် အများနှင့် စုစည်းလုပ်ကိုင်ကြရသည့် အခြေအနေများတွင် တစ်ဦးတစ်ယောက်၏ အလိုဆန္ဒ၊ စိတ်ခံစားချက်ဖြင့် လုပ်ကိုင်မည်ဆိုပါက အများ၏ဆန္ဒသဘောထား၊ ဘုံရည်မှန်းချက်တို့နှင့် ဆန့်ကျင်နိုင်ပါသည်။ ယင်းသို့သောအခြေအနေတွင် ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ကျိုးကြောင်းဆင်ခြင်မှုဖြင့် ရွေးချယ်ခြင်းက အနီးစပ်ဆုံးအဖြေကို ရှာဖွေနိုင်မည်ဖြစ်သည်။

## အသုံးချခံဖြစ်တတ်

စိတ်ခံစားချက်များသည် လူတစ်ယောက်အတွက် စေ့ဆော်တိုက်တွန်းမှုအား များစွာဖြစ်စေတတ်သည်ဖြစ်သဖြင့် ပျော်ရွှင်၍စိတ်ဓာတ်တက်ကြွနေသူတစ်ဦးတွင် စိတ်စွမ်းအားများ ရှိနေသကဲ့သို့ အမုန်းတရားလွှမ်းမိုးနေသူတစ်ယောက်တွင်လည်း စိတ်စွမ်းအားများ ရှိနေပါသည်။ သို့သော် မတူညီသော ယင်းစွမ်းအားတို့၏သဘော၊ လားရာနှင့် အကျိုးဆက်တို့တွင်တော့ တူညီမည်မဟုတ်ချေ။ စိတ်အခြေခံ၊ ပညာ၊ ရင့်ကျက်မှုနှင့် ကျိုးကြောင်းဆင်ခြင်စဉ်းစားနိုင်မှုတို့အပေါ် မူတည်၍ တစ်ဦးနှင့်တစ်ဦး ကွဲပြားမှုရှိနိုင်ပါသည်။

သို့ဖြစ်ရာ မိမိ၏စိတ်ခံစားမှုများအခြေအနေကို ကိုယ်တိုင်သိရှိ နားလည်ထားမည်ဆိုပါက မိမိကိုယ်ကိုထိန်းသိမ်းခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ အများနှင့်ပေါင်းသင်းဆက်ဆံခြင်း၊ ပြဿနာတစ်ရပ်အပေါ် ရှုမြင်ခြင်းနှင့် ဖြေရှင်းခြင်းတို့ကဲ့သို့သော အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ကောင်းသောအကျိုးဆက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စိတ်ခံစားချက်များနှင့် ဆင်ခြင်စဉ်းစားမှုတို့ကို ချိန်ဆအသုံးပြုမည်ဆိုပါက လူသားဆန်၍ မှန်ကန်သော အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူနှင့် လုပ်ဆောင်ချက်များ ရရှိနိုင်မည်ဖြစ်သည်။

သို့သော်လည်း ကျိုးကြောင်းဆင်ခြင်မှုနှင့် ဆင်ခြင်တုံတရားထက် စိတ်ခံစားချက်ကိုသာ ဦးစားပေးအလေးထားမည်ဆိုပါက အထူးသဖြင့် အပျက်သဘောခံစားချက်များ လွှမ်းမိုးနေပါက ကိုယ်တိုင်အတွက်လည်း အကျိုးမပြုနိုင်သကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ အထူးသတိပြုရမည်မှာ လူ့သဘောအရဖြစ်တတ်သည့် စိတ်ခံစားချက်များကို အခြားသူများက အသုံးချတတ်ကြခြင်းဖြစ်သည်။ ထိုသို့ အသုံးချနိုင်ရန်အတွက် လူတို့၏ဖြစ်တတ်သော စိတ်ခံစားချက်များကို လှုံ့ဆော်တတ်ကြပါသည်။ ထိုသို့ လုပ်ဆောင်သူများထဲတွင် တွေ့ရလေ့ရှိသည်မှာ နိုင်ငံရေးသမားများ၊ စည်းရုံးရေးသမားများသည် လူတို့၏စိတ်ခံစားချက်ကိုလိုက်၍ ပြောဆိုစည်းရုံး အသုံးချကြလေ့ရှိကြခြင်း ဖြစ်သည်။

အထူးသဖြင့် လူအများအား စည်းရုံးလုပ်ဆောင်ရာတွင် စိတ်ခံစားချက်များကို လှုံ့ဆော်ပေးခြင်းအား အကောင်းဆုံးနည်းလမ်းတစ်ရပ်အဖြစ် အသုံးချတတ်သည်ကို နိုင်ငံရေးမဲဆွယ်ပွဲများ၊ နိုင်ငံရေးလှုပ်ရှားမှုနှင့် လူထုအုံကြွမှုများတွင် သိသာစွာ တွေ့မြင်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ မိမိ၏ စိတ်ခံစားချက်ကိုသိရှိနားလည်၍ မှန်ကန်သော ဆုံးဖြတ်ချက်ရရှိရန်မှာ မိမိ၏ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းအားပင် ဖြစ်ပါသည်။ ။

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၂၂ ဦး ထပ်မံသေဆုံး

**ဗန်ကောက် စက်တင်ဘာ ၁၈**
ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း သေဆုံးသူ ၁၂၂ ဦးရှိပြီး အဆိုပါအရေအတွက်သည် လွန်ခဲ့သော ခုနစ်ရက်အတွင်း နေ့စဉ် သေဆုံးမှုအရေအတွက်ထက် အနည်းဆုံးဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါစီမံကွပ်ကဲရေးစင်တာက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၂၄၆ ဦးရှိပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၁၄၆၂၉၀၁ ဦးရှိသည်။

လွန်ခဲ့သော ၂၄နာရီအတွင်းရောဂါကူးစက်ခံရသူ ၁၄၁၀၉ ဦး စစ်ဆေးတွေ့ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၈၄၃ ဦးသည် မြို့တော်ဗန်ကောက်မှဖြစ်သည်။ ဗန်ကောက်မြို့တော်သည် ဧပြီလအစောပိုင်းမှစပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၄၃ ဒသမ ၉ သန်း ထိုးနှံပေးပြီးဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၂၀ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးကြောင်း သိရသည်။

လူဦးရေ သန်း ၇၀ နီးပါးရှိသည့်အနက် ၇၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေး ထိုးနှံပေးရန် ထိုင်းအစိုးရက စီစဉ်ထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**






## ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများက အာဖဂန်နစ္စတန်နိုင်ငံအရေး ညှိနှိုင်းဆွေးနွေးမည်

**ရောမ စက်တင်ဘာ ၁၈**
ဂျီ-၂၀ နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများသည် လာမည့်သီတင်းပတ်တွင် ပြုလုပ်မည့် အွန်လိုင်းအစည်းအဝေး၌ အာဖဂန်နစ္စတန်နိုင်ငံအရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

**အိမ်ရှင်အဖြစ် ကျင်းပမည်**

ဂျပန်နိုင်ငံအစိုးရ သတင်းအရင်းအမြစ်များ၏ ပြောကြားချက်အရ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲအား လက်ရှိဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အီတလီနိုင်ငံက လာမည့်ကြာသပတေးနေ့တွင် အိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများသည် အာဖဂန်နစ္စတန်နိုင်ငံတွင် အာဏာသိမ်းပိုက်ခဲ့သည့် တာလီဘန်များအား မည်သို့ ကိုင်တွယ်မည်နှင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မည့်ကတိကဝတ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန်နှင့် အမျိုးသမီးအခွင့်အရေးများအား ကာကွယ်ပေးရန် အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာရန် ကြိုးပမ်းနေသူများကို ဘေးကင်းလုံခြုံရာသို့ မည်သို့ရွှေ့ပြောင်းပေးနိုင်မည်ဆိုသည်နှင့် ပတ်သက်၍ ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံမှုခံယူပြီးသူ သုံးသန်းကျော်ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၁၈**
အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံမှုခံယူပြီးသူ သုံးသန်းကျော်ရှိပြီဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပြီးသူအရေအတွက် ၃၀၀၈၅၁၁ ဦးရှိပြီး အဆိုပါအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၃၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံက ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံမှုအစီအစဉ်ကို ဩဂုတ် ၁ ရက်တွင် စတင်ခဲ့သည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါကူးစက်မှုကို ပိုမိုခုခံကာကွယ်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံမှုခံယူသူများသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူထားသူနှင့် နှိုင်းယှဉ်ပါက ရောဂါခုခံနိုင်စွမ်း ဆယ်ဆပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။

ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးသူ ၆ ဒသမ ဝ၆ သန်းနီးပါး (နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်း) ရှိပြီး ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးသူ ၅ ဒသမ ၅၇ သန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



## အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅ ဒသမ ၄ သန်းကျော်ရှိလာ

**တီဟီရန် စက်တင်ဘာ ၁၈**
အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၈၄၇ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၄၀၈၈၆၀ ရှိလာသည်။

**သေဆုံးသူပေါင်း ၁၁၆၇၉၁ ဦးရှိလာ**

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၅၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၆၇၉၁ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၄၇၃၆၈၉၆ ဦးရှိသည်။

လူနာ ၆၈၃၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။



လက်ရှိအချိန်အထိ ပြည်သူ ၂၈၃၈၂၉၉၅ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၃၆၂၀၈၆၈ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံအတွင်း၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ကျူးဘားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၀၀ ကျော်ရှိ

**ဟာဗားနား စက်တင်ဘာ ၁၈**
ကျူးဘားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၂၉၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၈၄၄၁၆ ဦးရှိလာကြောင်း သိရသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၂၉၁ ဦးအနက် ၈၂၆၀ သည် အစုလိုက်အပြုံလိုက်ကူးစက်ခံရခြင်းဖြစ်ကြောင်း ကျူးဘားနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ သန့်ရှင်းရေးနှင့် ကူးစက်ရောဂါဗေဒဌာနမှ ညွှန်ကြားရေးမှူး ဖရန်စစ္စကိုဒူရန်က ပြောကြားသည်။

ကျူးဘားနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ စုစုပေါင်း ၆၆၇၆ ဦးရှိလာကြောင်း သိရသည်။

ကျူးဘားနိုင်ငံအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိရာ နိုင်ငံလူဦးရေ စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသန်း သီရိလင်္ကာနိုင်ငံ လက်ခံရရှိ

**ကိုလံဘို စက်တင်ဘာ ၁၈**
သီရိလင်္ကာနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိစဉ် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေလေးသန်းကိုယနေ့တွင်လက်ခံရရှိခဲ့ကြောင်း သိရသည်။

**ရောက်ရှိလာ**

အဆိုပါ ကာကွယ်ဆေးများကို သီရိလင်္ကာ လေကြောင်းလိုင်းမှ လေယာဉ်နှစ်စင်းဖြင့် တရုတ်နိုင်ငံ၏မြို့တော် ပေကျင်းမှ သယ်ဆောင်လာခဲ့ခြင်း ဖြစ်ပြီး ကိုလံဘိုမြို့ရှိ ဘန်ဒါရန်နိုင်ကီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ယခုရောက်ရှိလာသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် သီရိလင်္ကာနိုင်ငံ၏ ဆေးဝါးကော်ပိုရေးရှင်းနှင့် ချုပ်ဆိုထားသော စာချုပ် တွင်ပါရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ဆုံးအသုတ်ဖြစ်ကြောင်းနှင့် ယနေ့အထိ သီရိလင်္ကာနိုင်ငံသို့ တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၆ သန်း ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း ကိုလံဘိုမြို့ရှိ တရုတ်သံရုံးက ပြောကြားသည်။

**အထောက်အပံ့ဖြစ်စေခဲ့**

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် သီရိလင်္ကာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု၏ ၈၀ ရာခိုင်နှုန်းအထိ အထောက်အပံ့ဖြစ်စေခဲ့ကြောင်းလည်း ကိုလံဘိုမြို့ရှိ တရုတ်သံရုံးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ကိုလည်း ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀၀ ကျော်ရှိ

**မော်စကို စက်တင်ဘာ ၁၈**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၃၂၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၇၂၅၄၇၅၄ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၉ ဦးရှိသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၉၇၄၂၅ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၆၂၄၇ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၆၄၈၅၂၆၄ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၄၆ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၅၉၉၄၀၄ ဦးရှိလာကြောင်း သိရသည်။

ဒေသတွင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ ရုရှားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၀ ဒသမ ၈ သန်းကျော်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၃၇၃ ဦး တွေ့ရှိ

**ဟနွိုင်း စက်တင်ဘာ ၁၈**
ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၃၇၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၇၇၀၂၃ ဦးရှိပြီး သေဆုံးသူပေါင်း ၁၆၈၅၇ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၉၃၆၀ သည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၃ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏တောင်ပိုင်းမှ အများဆုံး စစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၄၂၃၇ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၂၈၇၇ ဦးနှင့် ဒေါင်နန်ခရိုင်၌ ၉၃၉ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄၉၀၃ ဦး ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၈၃၆၈ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၃ ဒသမ ၅ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်





# အင်ဒိုနီးရှား၌ ၃၃၈၅ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ဂျကာတာ စက်တင်ဘာ ၁၈**
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၈၅ ဦးထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၈၈၅၂၉ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၈၅ ဦး ထပ်မံ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၀၃၂၃ ဦး ရှိလာပြီဖြစ်သည်။

သို့ရာတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူ ၇၀၇၆ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၉၈၃၁၄၀ ရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးသူ ၄၄ ဒသမ ၇၁ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၇၈ ဒသမ ၅၄ သန်း ရှိသည်။

လူဦးရေ သန်း ၂၇၀ ရှိသည့်အနက် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် အင်ဒိုနီးရှားအစိုးရက ရည်ရွယ်ထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၄ ဒသမ ၅၉ သန်းကျော်အသုံးပြုပြီးဖြစ်

**အန်ကာရာ စက်တင်ဘာ ၁၈**

တူရကီနိုင်ငံ၌ တတိယအကြိမ်ထိုးနှံပေးလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပါအဝင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၀၄ ဒသမ ၅၉ သန်းကျော်အသုံးပြုပြီး ဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၅၂ ဒသမ ၄၉ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၁ ဒသမ ၇၃ သန်းကျော်ရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၆၉၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၇၉၄၇၀၀ ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၃၇ ဦးထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၁၁၄၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၃၁၉၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၆၆၂ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၆၆၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၃၄၁၇၃၉၀ အထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၈၁ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၄၅၂၉ ဦး ရှိလာသည်။ အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူနှင့် သေဆုံးသူအများစုသည် ကီရာလာပြည်နယ်မှဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာစုစုပေါင်း ၃၄၀၆၃၉ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၃၃၇၉၈ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၂၆၃၂၂၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၂၈၅၃၄၀၂၅ | ဦး |
| သေဆုံးသူ | ၄၆၉၅၂၈၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၀၅၁၃၉၄၄၅ | ဦး |

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၅၇၇ ဦးရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၈**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၅၇၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၀၆၇၃၂၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၅၇၇ ဦးအနက် ၁၇၅၇၄ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် သုံးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၈ ဦးထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၂၇၄၃ ဦး ရှိလာကြောင်း သိရသည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၂၈၇၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၈၂၃၂၄၅ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၂၁၃၃၉ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၂၀၄ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၇၀၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများလိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၅၅ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၁၃၄ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၁၃၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၃၄၇၅၅၀ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၅၅ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၆၅၈၃ ဦးရှိလာသည်။

ယခုရောဂါထပ်မံကူးစက်ခံရသူအရေအတွက်သည် နေ့စဉ်ကူးစက်မှုအရေအတွက်ထက် ဒုတိယအများဆုံးဖြစ်သည်။ စက်တင်ဘာ ၁၁ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၆၃၀၃ ဦးတွေ့ရှိပြီး အဆိုပါအရေအတွက်သည် နိုင်ငံအတွင်း ရောဂါစတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင်အများဆုံးဖြစ်သည်။

လက်ရှိပိုးတွေ့ဆဲလူနာ ၁၈၄၀၈၈ ဦးရှိကြောင်း သိရသည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၉ သန်းနီးပါးကို ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရားခံပြေး CDM ရဲတပ်သား မျိုးမင်းထက်(ခ)မင်းထက်ဦးအပါအဝင် တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေလိုသည့် NUG၊ CRPH အကြမ်းဖက်အဖွဲ့များသည် ငြိမ်းချမ်းစွာနေထိုင်ကြသည့် အပြစ်မဲ့ပြည်သူလူထုကို အကြောင်းပြချက်အမျိုးမျိုးဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ ပြည်သူလူထုအများသွားလာလှုပ်ရှားနေသည့် ဈေးများ၊ စာသင်ကျောင်းများ၊ လမ်း၊ တံတားများအထိ ဖောက်ခွဲဖျက်ဆီးခြင်းအပြင် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ မကွေးမြို့ မင်းကန်ကြီးရပ်ကွက်၌ ငါးနှစ်အရွယ် လူမမယ်ကလေးတစ်ဦး သေဆုံးခဲ့ရသည်။

**မိုင်းစထိမှန်ဒဏ်ရာများကြောင့် သေဆုံး**

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မင်းကန်ကြီးရပ်ကွက် တက္ကသိုလ်လမ်းရှိ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးရှေ့ရှိ ကိုပွားကြီး(ခ) မင်းသိန်းစိုး (၃၄)နှစ် ပိုင်ဆိုင်သည့် ကွမ်းယာဆိုင်အတွင်း၌ ဒေသန္တရလက်လုပ် ရီမုတ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကာ သားဖြစ်သူ အသက်ငါးနှစ်အရွယ်ကလေးငယ်မှာ မိုင်းစထိမှန်ဒဏ်ရာများကြောင့် သေဆုံးခဲ့ပြီး ကွမ်းဝယ်သူတစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲခဲ့သည့် တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ တရားခံဖြစ်သူ ထူးဝေယံ (၂၅)နှစ် (ဘ) ဦးဖိုးတုတ်အား မကွေးမြို့ အဝေးပြေးကားဂိတ်အတွင်းရှိ နဒီရော(မင်းဘူး – မကွေး – ရန်ကုန်) ကားဂိတ်တွင်လည်းကောင်း၊ ဆက်စပ်တရားခံများအဖြစ် မိုင်းထောင်ရန် ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ပေးသူ အောင်စေတနာရပ်ကွက်၊ ရန်ကင်းဈေးတိုက်တန်းအနီးနေ ချစ်ဖြိုးသုံ(ခ) ဖိုးချို (၂၅)နှစ် (ဘ) ဦးချစ်မြကို ၎င်း၏နေအိမ်တွင်လည်းကောင်း၊ KIA အဖွဲ့တွင် သင်တန်းတက်ရောက်ခဲ့သူ သူရိန်ဝင်း (၂၆)နှစ် (ဘ) ဦးစိုးဝင်းကို ထူးဝေယံ ငှားရမ်းနေထိုင်သော မကွေးမြို့ အောင်စေတနာရပ်ကွက်ရှိ ဦးကြင်စိန်ပိုင်ဆိုင်သော နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မင်းကျေးရွာအုပ်စု မင်းကျေးရွာအဝင်၌ စက်တင်ဘာ ၁၂ ရက်တွင် ထွေ/အုပ် ရပ်ကျေး စာရေးဖြစ်သူ ဒေါ်ဆွေဇင်ဝင်းနှင့် ခင်ပွန်းဖြစ်သူ ရွှေဒုံးကျေးရွာအုပ်စု ထွေ/အုပ် ရပ်ကျေးစာရေး ဦးဝင်းမင်းစိုးတို့ နှစ်ဦးအား လှိုင်သာယာလုံခြုံရေးတပ်ဖွဲ့ခွဲမှ CDM ပြုလုပ်လာသူ တစ်ရွာတည်းနေ ရဲတပ်သား မျိုးမင်းထက် (ခ) မင်းထက်ဦး(၂၀) နှစ် (ဘ) ဦးနေလင်းဦးက ဓားဖြင့်ထိုးသဖြင့် ဦးဝင်းမင်းစိုးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဒေါ်ဆွေဇင်ဝင်းမှာ အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။

**ဖမ်းဆီးရမိ**

အဆိုပါဖြစ်စဉ်တွင် ကျူးလွန်ခဲ့သောတရားခံသည် စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာအနောက်ဘက်၌ တိမ်းရှောင်နေကြောင်း ဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေစစ်ဆေးရာ တရားခံပြေး မျိုးမင်းထက်(ခ)မင်းထက်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ PDF သင်တန်းတက်ရောက်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် နေလင်းဦး(၄၂) နှစ် (ဘ)ဦးချစ်ဆိုင်နှင့် မစန်းမြင့်ခိုင်(၃၇)နှစ် (ဘ) ဦးအောင်တို့ကို လက်လုပ်မိုင်းများ၊ ဓားများ၊ ဆက်စပ်ပစ္စည်းများဖြင့် ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ၎င်းတို့အား ငွေကြေးထောက်ပံ့ပြီး တိမ်းရှောင်နိုင်ရန် ကူညီပေးခဲ့သော ဘုန်းမြင့်ကျော်(၄၃)နှစ်(ဘ) ဦးမြင့်ဆွေကို ၎င်းနေထိုင်ရာ စဉ့်ကူးမြို့နယ် ရွာသစ်ဖျားရပ် အမှတ်(၂) ရပ်ကွက်၌ ဖမ်းဆီးရမိသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်ကြောင့် ရိုးသားအေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်လျက်ရှိသော အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ ကြုံတွေ့ခဲ့ရပြီး ယခုကဲ့သို့ ငါးနှစ်သားအရွယ် လူမမယ်ကလေးသူငယ် အသက်ဆုံးရှုံးခဲ့ရသည်အထိ ယုတ်မာဆိုးသွမ်းသောလုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မြို့/ရွာ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်တွန်းလှန်နိုင်ပါရန် မေတ္တာရပ်ခံကြောင်းနှင့်အဆိုပါ ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


တရားခံ မျိုးမင်းထက်


တရားခံ နေလင်းဦး


တရားခံ ထူးဝေယံ


တရားခံ ချစ်ဖြိုးသုံ


တရားခံ စန်းမြင့်ခိုင်


တရားခံ ဘုန်းမြင့်ကျော်

# လှိုင်ကော်ပြည်သူ့ဆေးရုံကြီးကို အကြမ်းဖက်သောင်းကျန်းသူ လေးဦးခန့်က လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၁၈**

အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးအတ္တကို အခြေခံ၍ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသော အများပြည်သူ သေကျေထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ကယားပြည်နယ် လှိုင်ကော်ပြည်သူ့ဆေးရုံကြီးကို အကြမ်းဖက်သောင်းကျန်းသူ လေးဦးခန့်က လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့**

လှိုင်ကော်ပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများအနေဖြင့် နိုင်ငံအပေါ်သစ္စာမဲ့၍ ဆရာဝန်ကျင့်ဝတ်ကို လျစ်လျူရှုကာ CDM ကြွေးကြော်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိသဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများမှာ ဆိုးရွားမှုဖြစ်ပေါ်ခဲ့ရသည်။ ထိုအခြေအနေကို ထိန်းသိမ်းကုစားနိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆရာဝန်၊ သူနာပြုများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သော်လည်း ပြည့်စုံလုံလောက်မှုမရှိသဖြင့် ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဆရာဝန် ၂၀ နှင့် သူနာပြု ၇၀ တို့အား ဖြည့်ဆည်း၍ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်မှု မပြုနိုင်စေရန်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားပျက်စီးကာ နယ်မြေဒေသတည်ငြိမ်မှုပျက်ပြားစေလိုသော ယုတ်မာသောရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ လာရောက်နှောင့်ယှက်ပစ်ခတ်ခြင်း ဖြစ်ပြီး ဖြစ်စဉ်တွင် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အဖျက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့ မင်းကန်ကြီးရပ်ကွက် မိုင်းထောင်ဖောက်ခွဲမှုမှ ဆက်စပ်တရားခံ ချစ်ဖြိုးသုံ(ခ) ဖိုးချို၏ ဝန်ခံပြောကြားချက်

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မင်းကန်ကြီးရပ်ကွက် တက္ကသိုလ်လမ်းရှိ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးရှေ့ရှိ ကိုပွားကြီး(ခ) မင်းသိန်းစိုး (၃၄)နှစ် ပိုင်ဆိုင်သည့် ကွမ်းယာဆိုင်အတွင်း၌ ဒေသန္တရလက်လုပ်ရီမုတ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကာ သားဖြစ်သူ အသက်ငါးနှစ်အရွယ်ကလေးငယ်မှာ မိုင်းစထိမှန်ဒဏ်ရာများကြောင့် သေဆုံးခဲ့ပြီး ကွမ်းဝယ်သူတစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် မိုင်းထောင်ရန် ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ပေးသူ ချစ်ဖြိုးသုံ (ခ) ဖိုးချို၏ ဝန်ခံပြောကြားချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

ကျွန်တော့် မှတ်ပုံတင်နံပါတ်ကတော့ ၈/မကန (နိုင်) ၂၅၆၀၆၁ ဖြစ်ပါတယ်။ ကျွန်တော်က မကွေးမြို့ မကွေးတက္ကသိုလ် မြန်မာစာ ဒုတိယနှစ် ကျောင်းတက်နေပါတယ်။ ၁၄ ရက်နေ့ မနက် ၃ နာရီခွဲ၊ ၄ နာရီဝန်းကျင်ခန့်က ထူးဝေယံလာခေါ်လို့ လိုက်သွားခဲ့ပါတယ်။ ကျွန်တော် ရှေ့ကနေ ဆိုင်ကယ်မောင်းပေးပါတယ်။ တောင်ရပ်ကို မောင်းလာပြီး ပြည်သာအေးရုံးကို ရောက်တဲ့လမ်းမှာ ကွေ့ပါတယ်။ ပြည်ခိုင်ဖြိုးရုံးနဲ့ တပ်နဲ့အကြား ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်နားလောက်မှာ ကျွန်တော်ရပ်ပေးပါတယ်။ ထူးဝေယံက ဆင်းပြီး ဟိုကြည့်ဒီကြည့်လုပ်ပြီး ကျွန်တော့်အနောက်က အထုပ်ကို ယူသွားပြီး ပြည်ခိုင်ဖြိုးရုံးအနီး လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်ကြားလောက်မှာ သွားပြီးဖွက်ပါတယ်။ ဖွက်ပြီးတော့ ကျွန်တော့်ကို မြန်မြန်မောင်းဆိုပြီး ပြောပါတယ်။ ကျွန်တော်တို့လည်း ပြန်ထွက်လာပြီး ကျွန်တော့်အိမ်နားလောက်မှာ ကွေ့ပါတယ်။ ကျွန်တော့်အိမ်လမ်းကနေ အိမ်ရှေ့ရောက်တော့ ကျွန်တော့်ကို ဆေးပြားတွေပေးပါတယ်။

ကျွန်တော်လည်း ဆေးပြား ခြောက်ပြားလောက် လုပ်လိုက်ပါတယ်။ လုပ်ပြီးတော့ ကျွန်တော် မေ့နေပါတယ်။ ၁၀ နာရီဝန်းကျင်လောက်မှာ ကျွန်တော် အိပ်ရာက နိုးပါတယ်။ နိုးလာတော့ ထူးဝေယံက ကျွန်တော့်ကိုပြောပါတယ် ပြည်ခိုင်ဖြိုးရုံး ဗုံးပေါက်တယ်လို့ပြောတယ်။ အော်.. ဗုံးပေါက်ရင်ပြီးတာပဲ.. ငါနဲ့မဆိုင်ဘူးဆိုပြီး မေ့နေလိုက်ပါတယ်။ ကျွန်တော် ညနေစောင်း ဘုန်းကြီးကျောင်း မသွားခင် ကျန်တဲ့ဆေးပြားတွေ အကုန်သုံးလိုက်ပါတယ်။ ၃ နာရီခွဲ ၄ နာရီဝန်းကျင်မှာ ကျွန်တော် ဘုန်းကြီးကျောင်းကို သွားပါတယ်။ ဘုန်းကြီးကျောင်းက ကျွန်တော့်ကို ဝယ်စရာရှိတာဝယ်ဖို့ ပိုက်ဆံငါးထောင်ထုတ်ပေးပြီး မကွေးမြို့ထဲကို ပြန်လာတဲ့ အချိန်မှာ အဖမ်းခံရပါတယ်။

# တောင်ငူမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**တောင်ငူ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ငူမြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ် (၉၃၀) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်း၌ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ငူမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဘရွှေနှင့် ဝန်ထမ်းများက အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် လူဦးရေ ၄၆ ဦးတို့အား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ပေးသည်။



တောင်ငူမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရမည့် လူဦးရေလျာထားချက်အရ ၇၀၄၆ ဦးရှိကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**ကိုလွင်(ဆွာ)**

# မိုင်းပန်မြို့နယ်၌ ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းဖွင့်

**မိုင်းပန် စက်တင်ဘာ ၁၈**


ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေမှုကာလအတွင်း ကျေးလက်နေပြည်သူများ၏ ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းကို စက်တင်ဘာ ၁၇ ရက်တွင် မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသည့် ကျေးရွာ ၁၄ ရွာတွင် သင်တန်းပို့ချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ အဆိုပါကျေးရွာများအနက် နောင်လေးကျေးရွာနှင့် နောင်လွန်းကျေးရွာတို့မှ သင်တန်းသား ၁၇ ဦးနှင့် သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၃၅ ဦးအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်ကြူကြူသင်းတို့က သင်ကြားပို့ချပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သင်တန်းဖွင့်လှစ်ရန်ကျန်ရှိသော ကျေးရွာများတွင်လည်း ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းများ ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မိုင်းပန်မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

**ဖြိုးကျော် (ပုံတောင်မြေ)**

# မြဝတီမြို့နှင့် ဘားအံမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



အောင်ချမ်း၊ ဇင်ဘိုဘိုထူးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဝင်းပပမွန်(ခ)အငယ်မ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၇ ပြားကိုလည်းကောင်း။

### သိမ်းဆည်းရမိ

အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဂျိုင်းကျေးရွာအနီးတွင် အောင်ချမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာအနီး၌ ဇင်ဘိုဘိုထူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၃၀ စုစုပေါင်း ၇၈ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ္တခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၈ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ္တခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့**



# ဘယ်သူတွေက အန္တရာယ်အရှိဆုံးလဲဆိုရင် အချို့အလုပ်တွေက အများနဲ့ထဲထဲဝင်ဝင် ဆက်ဆံရတဲ့အပြင် သူတို့လုပ်ရတဲ့ အလုပ်ရဲ့ သဘောသဘာဝကိုက အန္တရာယ်ရှိနိုင်တဲ့အရာတွေနဲ့ ထိတွေ့နေရတာဖြစ်ပါတယ်

ဒေါက်တာခင်ခင်ကြီး

**ရုံးပိတ်ရက်ရှည်ကာလကုန်လွန်ပြီး ရုံးတွေပြန်ဖွင့်သည့်အခါ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် တွေ့ဆုံမေးမြန်းထားသည်။**

**မေး။** ။ ရုံးတွေပြန်ဖွင့်တဲ့အခါ ဝန်ထမ်းတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုလိုက်နာဆောင်ရွက်ရမယ်ဆိုတာကို ပြောကြားပေးပါဦး။

**ဖြေ။** ။ ရုံးပိတ်ရက်ရှည်တွေ (၇) ကြိမ် ပိတ်ပေးလိုက်တဲ့အတွက် ရောဂါဖြစ်ပွားမှုတွေက တဖြည်းဖြည်းနဲ့ ၁၀ ရာခိုင်နှုန်းအောက်ကို ကျဆင်းလာပြီး ထိန်းချုပ်နိုင်တဲ့အဆင့်ကို ရောက်လာပါပြီ။ ရုံးပိတ်ခြင်း၊ Work from Home ဆောင်ရွက်ခြင်းက ကာကွယ်ထိန်းချုပ်ရေးမှာ ပါဝင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့ လူမှုဘဝတွေ ပြန်လည်စတင်နိုင်ဖို့ဆိုတာ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်နိုင်ဖို့က အရေးကြီးပါတယ်။

ဒီလို ဝင်ရောက်ဖို့နဲ့ပတ်သက်ပြီး အချို့ကလည်း မိမိကို မကူးစက်အောင် ဘယ်လိုလုပ်ရမလဲဆိုပြီး စိုးရိမ်ပူပန်မှုတွေရှိနေပါတယ်။ ရုံးကိုပြန်လာရတဲ့အခါ လူရဲ့စိတ်ပိုင်းဆိုင်ရာမှာ ဘယ်လိုတွေ ခံစားရသလဲဆိုတာကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၅ ရက်မှာထုတ်ဝေတဲ့ ကျန်းမာရေးနှင့်အပြုအမူပိုင်းဆိုင်ရာသိပ္ပံပညာမဂ္ဂဇင်းက ဖော်ပြထားတာကို ပြောကြားလိုပါတယ်။

### စိုးရိမ်စိတ်တွေရှိနေ

ပိတ်ရက်ရှည်တွေကနေ လုပ်ငန်းခွင်ကို ပြန်ဝင်ရတော့မယ်။ အချို့တွေက မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တွေ့ရမယ်။ မပြီးပြတ်သေးတဲ့ အလုပ်တွေကို ပြန်လည်လုပ်ဆောင်ရမယ်ဆိုပြီး တက်ကြွပါတယ်။ အချို့တွေက စိုးရိမ်စိတ်တွေ ရှိနေပါတယ်။ ဒါဟာ သင်တစ်ယောက်တည်း မဟုတ်ပါဘူးလို့ ပြောထားပါတယ်။ ဝန်ထမ်းပေါင်း ၁၀၀၀ ကျော်ကို သုတေသနလေ့လာချက်အရ ၇၀ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်ကိုဝင်ဖို့ စိုးရိမ်သောကရှိနေပါတယ်။ အဓိက စိုးရိမ်သောကဖြစ်ရတဲ့ အချက်တွေကို ကြည့်မယ်ဆိုရင် ၅၁ ရာခိုင်နှုန်းက ရောဂါကူးစက်မှာကို စိုးရိမ်ပါတယ်။

နောက်တစ်ခုက အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်တွေဖြစ်တဲ့ ဘတ်စ်ကား၊ ရထားစတာတွေနဲ့ လာရတဲ့အတွက်လည်း စိုးရိမ်ပါတယ်။ နောက်တစ်ချက်က ကလေးတွေကို ထားခဲ့ရမှာအတွက်လည်း စိုးရိမ်ပါတယ်။ အဓိက ဒီအချက်တွေကြောင့်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ မအံ့သြပါနဲ့။ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်ပါတယ်။ သင်တစ်ယောက်တည်း ရင်ဆိုင်နေရတာ မဟုတ်ပါဘူး။ အရင်တုန်းက အိမ်မှာ Work from Home အလုပ်လုပ်စဉ်ကလည်း လုပ်နေကျ အခြေအနေတစ်ခု မဟုတ်တဲ့အတွက် ခက်ခဲခဲ့ပါတယ်။ ဒါကိုကျော်လွှားပြီး အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အခုအိမ်မှာနေတဲ့ အခြေအနေကနေ ရုံးပြန်တက်ရတယ်။ လုပ်ငန်းခွင်ကို ပြန်ဝင်တဲ့အခါမှာလည်း အခက်အခဲရှိမယ်ဆိုပြီး စိုးရိမ်ကြပါတယ်။ မစိုးရိမ်ကြပါနဲ့။ လူရဲ့ ဦးနှောက်က ပုံမှန်အလုပ်တွေ ပြန်လည်လုပ်ဆောင်နိုင်စွမ်း ရှိပါတယ်။ တတ်နိုင်သမျှ ကိုယ့်ရဲ့စိတ်သောကတွေကို လျှော့ချဖို့ ပြောထားပါတယ်။

**မေး။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က လုပ်ငန်းခွင်ဝင်တဲ့အခါ ဘယ်လိုလိုက်နာဆောင်ရွက်ရမယ်ဆိုတာ ထုတ်ပြန်ထားတဲ့အချက်တွေရှိရင်လည်း ပြောကြားပေးပါဦး။

**ဖြေ။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ပြောထားတာရှိပါတယ်။ လုပ်ငန်းခွင်က ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်သလားဆိုရင် ကူးစက်နိုင်ပါတယ်။ အသက်ရှုလမ်းကြောင်းကထွက်တဲ့ အစက်အမှုန်တွေရှိနေတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ထိတွေ့ကိုင်တွယ်မိရင် ကူးစက်နိုင်ပါတယ်။ လုပ်ငန်းခွင်ကိုသွားစဉ်မှာလည်း ကူးစက်နိုင်ပါတယ်။ အလုပ်ကိစ္စနဲ့အပြင်ကို ထွက်ရရင်လည်း ကူးစက်နိုင်ပါတယ်။ ဒါကြောင့်WHOက တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံး ၃ ပေ အကွာနေမယ်။ ထိတွေ့မှုတွေကို တတ်နိုင်သမျှ လျှော့မယ်။ ရောဂါပိုးကပ်ငြိနိုင်တဲ့ စားပွဲ၊ ကုလားထိုင်တွေကို သန့်ရှင်းရေးလုပ်မယ်။ ဒီလိုနည်းနဲ့ အန္တရာယ်ကို လျှော့ချနိုင်ပါတယ်။

လုပ်ငန်းခွင်အပေါ်မူတည်ပြီး အန္တရာယ်ရှိမှုအဆင့်တွေကို ဒီလို ခွဲခြားထားပါတယ်။ အန္တရာယ်အနည်းဆုံးအလုပ်ဆိုတာက အများနဲ့ မဆက်ဆံရတဲ့ အလုပ်တွေ၊ လုပ်ငန်းခွင်မှာ တစ်ယောက်နဲ့တစ်ယောက် အထိအတွေ့နည်းတဲ့အလုပ်တွေ၊ တယ်လီဖုန်းနဲ့ ဖြေကြားရတဲ့ အလုပ်တွေက အန္တရာယ်နည်းပါတယ်။

> **အလွန်အန္တရာယ်များတဲ့ လုပ်ငန်းခွင်က လူတွေက အထူးသတိထားပြီး ကိုဗစ်-၁၉ ရောဂါ စည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပါတယ်။ ခုနပြောခဲ့တဲ့အချက်တွေအပြင် လိုအပ်ရင် လက်အိတ်တွေ၊ မျက်လုံးကိုကာကွယ်ဖို့ Eye Protector တွေ၊ ခန္ဓာကိုယ်ကို ရောဂါပိုး အန္တရာယ်မှကာကွယ်ဖို့ လိုအပ်တဲ့ ရင်ဖုံးအကာအကွယ်တွေ၊ လည်ရှည်ဖိနပ်တွေဝတ်ဆင်ဖို့ လိုပါတယ်။ ဒီလိုဝတ်ဆင်တတ်အောင်၊ ချွတ်တတ်အောင်၊ အသုံးပြုပြီးရင်လည်း အန္တရာယ်ကင်းစွာ စွန့်ပစ်တတ်အောင် လေ့ကျင့်ပေးထားရမှာဖြစ်ပြီး စနစ်တကျသုံးစွဲမှု ရှိ/မရှိကိုလည်း ကြီးကြပ်ရမှာဖြစ်ပါတယ်။ ဒီလို အလွန်အန္တရာယ်များတဲ့ လုပ်ငန်းခွင်မှာ နောက်ခံရောဂါရှိနေသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ အသက် ၆၀ အထက်တွေကို တာဝန်မပေးဖို့ WHO က ပြောကြားထား**

### အသင့်အတင့် အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်

အသင့်အတင့်အန္တရာယ်ရှိတဲ့ အလုပ်တွေက အများပြည်သူနဲ့ ထိတွေ့မှုတွေရှိနေတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ပေါ့ဆလို့မရပါဘူး။ အများစုသော လူတွေက အသင့်အတင့် အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်မှာ လုပ်ကိုင်နေသူတွေဖြစ်ပါတယ်။ ဈေးတွေ၊ ကုန်စုံဆိုင်တွေ၊ အစားအစာရောင်းသူတွေ၊ ဘတ်စ်ကားမောင်းသူတွေ၊ ကူးစက်မှုများတဲ့ဒေသမှာ အများပြည်သူနဲ့ ထိတွေ့မှုများတဲ့သူတွေ၊ လက်လီအရောင်းဆိုင် ရောင်းဝယ်ဖောက်ကားသူတွေ၊ ပစ္စည်းပို့သူတွေ၊ တစ်နေရာတည်းမှာ စုစည်းလုပ်ကိုင်ရတဲ့လုပ်ငန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေ၊ လုံခြုံရေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေ၊ ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေရသူတွေ စသဖြင့်က အလယ်အလတ်အဆင့် အသင့်အတင့် အန္တရာယ်ရှိနိုင်ပါတယ်။

ဘယ်သူတွေက အန္တရာယ်အရှိဆုံးလဲဆိုရင် အချို့အလုပ်တွေက အများနဲ့ထဲထဲဝင်ဝင် ဆက်ဆံရတဲ့အပြင် သူတို့လုပ်ရတဲ့ အလုပ်ရဲ့ သဘောသဘာဝကိုက အန္တရာယ်ရှိနိုင်တဲ့အရာတွေနဲ့ ထိတွေ့နေရတာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် ကိုဗစ်-၁၉ ရောဂါလက္ခဏာရှိသူ၊ ကိုဗစ်-၁၉ ပိုးတွေ့သူ၊ သံသယလက္ခဏာခံစားနေရသူတွေကို ပို့ဆောင်ပေးနေရသူတွေ ဖြစ်ပါတယ်။ နောက်တစ်ခုက ကိုဗစ်-၁၉ ပိုးတွေ့လူနာတွေ၊ သံသယလက္ခဏာရှိတဲ့သူ၊ ပိုးတွေ့သူနဲ့ ထိတွေ့မိသူတွေရဲ့ အိမ်တွေမှာ သန့်ရှင်းရေးလုပ်ငန်းလုပ်ကိုင်နေရသူတွေ၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသူတွေကို သယ်ဆောင်ပေးရသူတွေ၊ သင်္ဂြိုဟ်ပေးရသူတွေ၊ စည်ပင်သာယာက ဝန်ထမ်းတွေဖြစ်ပြီး အလွန်အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ဒီလိုအလုပ်တွေကို လုပ်ကိုင်ပေးနေတဲ့ စေတနာလုပ်အားရှင် (Volunteer)တွေက အလွန်လေးစားဖို့ ကောင်းပါတယ်။ တော်ရုံစိတ်ဓာတ်နဲ့ မလုပ်နိုင်ပါဘူး။ နောက်ပြီး လူမှုရေးနဲ့ဆိုင်တဲ့ ကူညီပေးတဲ့အဖွဲ့အစည်းတွေ၊ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့သူရဲ့အိမ်ကို ပစ္စည်းပို့ဆောင်ရသူတွေ၊ ရေပိုက်တွေ၊ အဲကွန်းတွေ စသဖြင့် ပြင်ဆင်မှုတွေ လုပ်ဆောင်ပေးရသူတွေက အလွန်အန္တရာယ်များပါတယ်။

### ထည့်သွင်းစဉ်းစား

ကိုယ့်ရဲ့ လုပ်ငန်းခွင်အပေါ်မူတည်ပြီး အန္တရာယ်ရှိတဲ့အဆင့်ကို သိရှိပြီးပြီဆိုရင် လုပ်ငန်းခွင်ရဲ့ ပတ်ဝန်းကျင်၊ အလုပ်ရဲ့ သဘောသဘာဝနဲ့ အန္တရာယ်ရှိနိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ်နဲ့ အကာအကွယ်ပစ္စည်းတွေရနိုင်မှုကိုလည်း မြော်တွေးပြီး ကြိုတင်စီစဉ်တာတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ အသက်အရွယ်နဲ့နောက်ခံရောဂါရှိမှု အခြေအနေကလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်ဖြစ်ပါတယ်။ WHO က ပြောထားပါတယ်။ အန္တရာယ်ရှိနိုင်တဲ့အလုပ်တွေကို အသက်အရွယ်ကြီးသူ၊ နောက်ခံရောဂါရှိသူတွေကို တတ်နိုင်သမျှ တာဝန်မပေးဖို့၊ အန္တရာယ်နည်းနိုင်တဲ့ အလုပ်တွေကို လုပ်ဆောင်စေဖို့ ပြောထားပါတယ်။

အချုပ်အားဖြင့် ဘယ်လုပ်ငန်းခွင်မှာမဆို အရေးကြီးတဲ့အချက်က လက်ဆေးရမှာ ဖြစ်ပါတယ်။ အယ်လ်ကိုဟော ၆၀ မှ ၇၀ ရာခိုင်နှုန်းအထက်ရှိနေတဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုဖို့လိုပါတယ်။ ချောင်းဆိုး၊ နှာချေရင် အုပ်ပြီးဆိုးရမယ်။ အနည်းဆုံး ၃ ပေကနေ ၆ ပေခွာဖို့ လိုပါတယ်။ Mask ကို တပ်ထားရမယ်။ လုပ်ငန်းခွင်မှာ သန့်ရှင်းမှုကိုလည်း အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မလိုအပ်ဘဲ ခရီးသွားတာ၊ သူများစားပွဲကို သွားလည်တာ၊ အတူဝိုင်းဖွဲ့စားသောက်တာ၊ စကားစမြည်ပြောတာတွေကို လုံးဝမလုပ်ဆောင်သင့်ပါဘူး။ ဒီလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ဆိုင်တဲ့ မူဝါဒတွေကို အတိအကျချမှတ်ထားရမှာဖြစ်ပြီး ပညာပေးတာ၊ သင်တန်းပေးတာတွေကိုလည်း လုပ်ဆောင်ထားရမှာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး အစစအရာရာမှာ သတိရှိနေရမှာ ဖြစ်ပါတယ်။ နေမကောင်းဘူး၊ ရောဂါလက္ခဏာတွေ ခံစားနေရပြီဆိုရင် မိမိတစ်ဦးတည်း သီးသန့်ခွဲနေဖို့လိုအပ်ပါတယ်။ သက်ဆိုင်ရာ လုပ်ငန်းခွင်အကြီးအကဲကို အကြောင်းကြားရမှာဖြစ်ပြီး တာဝန်ကျေချင်ဇောနဲ့ နေမကောင်းဖြစ်နေတာကို လုပ်ငန်းခွင်ကို လာစရာမလိုပါဘူး။ မိမိတင်မကဘူး အခြားသူတွေကို မကူးစက်ဖို့ အားလုံးမှာတာဝန်ရှိပါတယ်။

ဒီလိုအန္တရာယ်ရှိတဲ့အဆင့်ကို သိပြီဆိုရင် ဘယ်လိုအန္တရာယ်နည်းအောင် လုပ်ကိုင်ဆောင်ရွက်ပေးရတယ်ဆိုတာကို သိဖို့လိုပါတယ်။ အန္တရာယ်နည်းတဲ့လုပ်ငန်းခွင်က လူတွေက ပြဿနာမရှိပေမယ့် အများစုသော ဝန်ထမ်းတွေတာဝန်ထမ်းဆောင်နေတဲ့ အသင့်အတင့်အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်က လူတွေက ဂရုစိုက်ဖို့လိုပါတယ်။

အသင့်အတင့်အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်က တစ်နေ့ကိုနှစ်ကြိမ် သန့်ရှင်းရေးလုပ်ပေးရမှာဖြစ်ပါတယ်။ ညစ်ပေမှုများတဲ့ နေရာတွေကို ရေနဲ့ဆပ်ပြာသုံးပြီး သန့်ရှင်းရေးလုပ်ရမယ်။ အထူးသဖြင့် အများသုံးတဲ့ပစ္စည်းတွေဖြစ်တဲ့ ရေချိုးခန်း၊ အိမ်သာတွေကို တစ်နေ့ကိုနှစ်ကြိမ် သန့်ရှင်းရေးလုပ်ရမှာဖြစ်ပြီး လိုအပ်တဲ့နေရာတွေကို ပိုးသန့်စင်ဆေးရည်နဲ့ သန့်ရှင်းရမှာဖြစ်ပါတယ်။ တတ်နိုင်သမျှ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေနိုင်အောင်၊ လုပ်ငန်းခွင်မှာ အချိန်မထပ်အောင် စီမံပေးရမှာ ဖြစ်ပါတယ်။ ပြင်ပလေရအောင်၊ နေရောင်ခြည်ရအောင် တံခါးတွေ ဖွင့်ထားဖို့ လိုပါတယ်။ နေရာတိုင်းမှာ လက်ကိုအလွယ်တကူဆေးနိုင်အောင် ရေနဲ့ဆပ်ပြာထားရှိခြင်း၊ အချို့နေရာတွေမှာ ရေမလိုလက်သန့်စင် ဆေးရည်ကို ထားရှိစီစဉ်ထားသင့်ပါတယ်။ လုပ်ငန်းခွင်အပေါ်မူတည်ပြီး လိုအပ်ရင် ခေါင်းဆောင်း၊ Face Shield၊ Mask တွေကို သေသေချာချာတပ်ဆင်ဖို့လိုပါတယ်။ စီစဉ်ထားရှိပေးဖို့လည်း လိုပါတယ်။

### စည်းကမ်းတွေကို လိုက်နာ

အလွန်အန္တရာယ်များတဲ့ လုပ်ငန်းခွင်က လူတွေက အထူးသတိထားပြီး ကိုဗစ်-၁၉ ရောဂါ စည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပါတယ်။ ခုနပြောခဲ့တဲ့အချက်တွေအပြင် လိုအပ်ရင် လက်အိတ်တွေ၊ မျက်လုံးကို ကာကွယ်ဖို့ Eye Protector တွေ၊ ခန္ဓာကိုယ်ကို ရောဂါပိုးအန္တရာယ်မှ ကာကွယ်ဖို့ လိုအပ်တဲ့ ရင်ဖုံးအကာအကွယ်တွေ၊ လည်ရှည်ဖိနပ်တွေ ဝတ်ဆင်ဖို့ လိုပါတယ်။ ဒီလိုဝတ်ဆင်တတ်အောင်၊ ချွတ်တတ်အောင်၊ အသုံးပြုပြီးရင်လည်း အန္တရာယ်ကင်းစွာ စွန့်ပစ်တတ်အောင် လေ့ကျင့်ပေးထားရမှာဖြစ်ပြီး စနစ်တကျသုံးစွဲမှု ရှိ/မရှိကိုလည်း ကြီးကြပ်ရမှာဖြစ်ပါတယ်။ ဒီလို အလွန်အန္တရာယ်များတဲ့ လုပ်ငန်းခွင်မှာ နောက်ခံရောဂါ ရှိနေသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ အသက် ၆၀ အထက်တွေကို တာဝန်မပေးဖို့ WHO က ပြောကြားထားပါတယ်။

**မေး။** ။ လုပ်ငန်းခွင်မှာ အန္တရာယ်ကင်းရှင်းဖို့ ဘယ်လိုလုပ်ဆောင်သွားရပါမလဲ။

**ဖြေ။** ။ လုပ်ငန်းခွင်မှာ အန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ဖို့ နိုင်ငံတိုင်းက ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ အိန္ဒိယနိုင်ငံက ရောဂါဖြစ်ပွားမှုများသလို သေဆုံးမှုတွေလည်း များတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ သူတို့လည်း ရုံးတွေပိတ်ရတယ်၊ Stay Home တွေ လုပ်ရတယ်၊ Lockdown တွေ လုပ်ရပါတယ်။ ရုံးတွေပြန်ဖွင့်တဲ့အခါ လိုက်နာရမယ့် အချက်တွေနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံရဲ့ သတင်းဌာနတစ်ခုဖြစ်တဲ့ News 18 Life Style ဝက်ဘ်ဆိုက်မှာ ဇွန်လ ၃၀ ရက်က ဖော်ပြထားတဲ့ ရုံးလုပ်ငန်းခွင်တိုင်းက လိုက်နာရမယ့် ကာကွယ်ရေးအချက် ၁၀ ချက်ဆိုပြီး ရှိပါတယ်။ ဒါကို ဝေမျှချင်ပါတယ်။ **စာမျက်နှာ ၁၇ သို့** ❂

## မြောက်ဦးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**မြောက်ဦး စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များတွင် ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းများမှ ဆေးထိုးနှံရန် ကျန်ရှိသော လာရောက်ခိုလှုံသူ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ဆေးများ ဆက်လက်ထိုးနှံခြင်းကို ယနေ့ နံနက် ၈ နာရီက သတ်မှတ်စုရပ် ရှစ်နေရာ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက အဆိုပါ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ပြီး ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**ထိုးနှံပေး**

ထိုသို့ (Sinopharm) ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် တိုက်ပွဲရှောင်စခန်းများဖြစ်သည့် စင်းဘောကိုင်းတိုက်ပွဲရှောင်စခန်း၊ သျှစ်သောင်းတိုက်ပွဲရှောင်စခန်း၊ မြတန်ဆောင်းတိုက်ပွဲရှောင်စခန်း၊ လက်ကောက်ဈေး တိုက်ပွဲရှောင်စခန်း၊ ရွှေထီးဆောင်းတိုက်ပွဲရှောင်စခန်း၊ ထမ္မရာဇ် တိုက်ပွဲရှောင်စခန်းနှင့် ကျောက်ရာဇ်ကေ တိုက်ပွဲရှောင်စခန်းများမှ အသက် ၁၈ နှစ်မှ ၄၅ နှစ်အထိ ပြည်သူ ၃၁၉ ဦး၊ အသက် ၄၅ နှစ်မှ ၆၅ နှစ်အထိ ပြည်သူ ၆၉ ဦး၊ အသက် ၆၅ နှစ်အထက် ပြည်သူ ၂၃ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့် တိုက်ပွဲရှောင်စခန်းတာဝန်ခံများ ပူးပေါင်းကာ (Sinopharm) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ ထိုသို့ မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများ၌ (Sinopharm) ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတိုးနှင့် ဆီးချိုရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်းများနှင့် ပုံမှန်အနေအထား ရောက်ရှိမှသာ ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခြင်းဖြစ်ရာ ကာကွယ်ဆေးထိုးနှံပြီးသူများ မိနစ် ၃၀ ခန့် အနားယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းအထိ မြောက်ဦးမြို့ပေါ်ရပ်ကွက်များရှိ တိုက်ပွဲရှောင်စခန်း ရှစ်ခုမှ တိုက်ပွဲရှောင်ပြည်သူစုစုပေါင်း ၄၁၁ ဦးအား ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရှိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



## ကျောက်တော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူ ၃၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**ကျောက်တော် စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများတွင် လာရောက်ခိုလှုံနေကြသော ဝါးတောင်ကျေးရွာ တိုက်ပွဲရှောင်စခန်းနှင့် ကန်စောက်ကျေးရွာ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ပထမအကြိမ် ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက ကန်စောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းစုရပ်၌ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ဝါးတောင်တိုက်ပွဲရှောင်စခန်းရှိ ပြည်သူ ၁၀၀ နှင့် ကန်စောက်ကျေးရွာ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူ ၂၀၀ စုစုပေါင်းတိုက်ပွဲရှောင်ပြည်သူ ၃၀၀ အား တရုတ်နိုင်ငံထုတ်(Sinopharm) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရှိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

■



## ကျောက်ကြီးမြို့နယ်၌ ဆန်၊ သားငါးနှင့် အခြေခံစားသောက်ကုန်များ လှည့်လည်ရောင်းချ

**ကျောက်ကြီး စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းကစတင်၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဒေသခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် ဆန်၊ သားငါးနှင့် အခြေခံစားသောက်ကုန် များ မြို့အတွင်း လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❂ စာမျက်နှာ ၁၆ မှ

လုပ်ငန်းခွင်အများစုက အရာရာကို မျှဝေသုံးစွဲရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်ထိုင်ရတာတွေ ရှိပါတယ်။ အိမ်သာတွေ၊ ရေချိုးခန်းတွေကလည်း တွဲပြီးသုံးရတာတွေ ရှိပါတယ်။ ဒါကြောင့် ရောဂါကူးစက်နိုင်ခြေတွေ ရှိပါတယ်။ နံပါတ် (၁) ရောဂါလက္ခဏာမရှိသူများသာ ရုံးတက်ရန် ဖြစ်ပါတယ်။ ဖျားနေရင် ရုံးမလာရဘူး ဆိုတာ အသိပေးထားမယ်။ ရုံးတွေမှာ အဖျားတိုင်းတာ တာတွေ လုပ်သင့်ပါတယ်။ အသက်ကြီးသူ၊ ကိုယ်ဝန်ဆောင်နဲ့ နောက်ခံရောဂါရှိသူတွေကို အများနဲ့ထိတွေ့တဲ့နေရာမှာ တာဝန်မပေးသင့်ပါဘူး။ အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။

**လက်ဆေးဖို့ ဆောင်ရွက်ပေး**

နံပါတ် (၂) ရောဂါပိုးကင်းစင်အောင် ပိုးသန့်စင်ခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရုံးတွေရဲ့ အဝင်မှာ ရေနဲ့ဆပ်ပြာသုံးပြီး လက်ဆေးဖို့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကားတွေ၊ ဖယ်ရီတွေ၊ လုပ်ငန်းအပေါ်မူတည်ပြီး အသုံးအဆောင်ပစ္စည်းတွေ၊ အိမ်သာ၊ ရေချိုးခန်းတွေ၊ တံခါးလက်ကိုင်တွေ၊ ဓာတ်လှေကားနံရံတွေ၊ ခလုတ်တွေကိုလည်း သန့်ရှင်းရေးလုပ်ရမှာ ဖြစ်ပါတယ်။ ရုံးကားမောင်းသူ၊ ဖယ်ရီမောင်းသူတွေအနေနဲ့ မိမိကိုယ်တိုင် အန္တရာယ်ကင်းဖို့၊ မိမိရဲ့ကားကို စီးသူတွေ အန္တရာယ်ကင်းဖို့ အထူးပဲဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မောင်းသူနဲ့ ဖယ်ရီစီးသူတွေ အနည်းဆုံး ၃ ပေနဲ့ ၆ ပေခြားရမှာ ဖြစ်ပါတယ်။ ကားကိုလည်း ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် ၁ ရာခိုင်နှုန်းပါဝင်တဲ့ အရည်၊ ဖျန်းဆေးနဲ့ သန့်ရှင်းရေးလုပ်ရမှာ ဖြစ်ပါတယ်။

**သီးခြားဇုန်တွေမှာ ထားဖို့လို**

နံပါတ် (၃) သီးခြားဇုန်တစ်ခုထားဖို့ လိုတယ်လို့ ပြောပါတယ်။ အသက်ကြီးသူတွေ၊ ကိုယ်ဝန်ဆောင်သည်တွေနဲ့ နောက်ခံရောဂါရှိသူတွေကို အများနဲ့မထိတွေ့ရတဲ့ နေရာတွေ၊ သီးခြားဇုန်တွေမှာ ထားဖို့လိုပါတယ်။ နံပါတ် (၄) ပါးစပ်၊ နှာခေါင်းစည်း တပ်တယ်။ လိုအပ်ရင် မျက်လုံးကို ကာကွယ်နိုင်ဖို့ Face Shield တပ်ဖို့ လိုအပ်ပါတယ်။ သူတို့ရဲ့ လိုအပ်ချက်အပေါ်မူတည်ပြီး လုပ်ငန်းခွင်ကလည်း ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ ချောင်းဆိုး၊ နှာချေရင် လက်ကိုင်ပဝါ၊ တစ်ရှူးအသုံးပြုဖို့၊ အလွယ်တကူ မရနိုင်ရင် မိမိလက်မောင်း တံတောင်ကွေးနဲ့ ကွယ်ပြီး အုပ်ပြီးဆိုးဖို့လိုပါတယ်။ နံပါတ် (၅) လက်သန့်ရှင်းဖို့ လိုပါတယ်။

ရေမလို လက်သန့်စင်ဆေးရည်တွေကို အလွယ်တကူထားပေးဖို့ လိုပါတယ်။ မိမိကိုယ်ပိုင်လည်း ယူဆောင်သွားဖို့လိုပါတယ်။ ဖြစ်နိုင်ရင် ရေနဲ့ဆပ်ပြာသုံးပြီး သန့်ရှင်းဖို့ လိုပါတယ်။

နံပါတ် (၆) တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးနေဖို့ လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံး ၃ ပေနဲ့ ၆ ပေ၊ ဖြစ်နိုင်ရင် ၆ ပေခြားနိုင်ရင် ပိုကောင်းပါတယ်။ ဖြစ်နိုင်ရင် ကွန်ဖရင့်လို၊ လူများများနဲ့ အစည်းအဝေးလုပ်ရတာကို လူကိုယ်တိုင်နဲ့ တက်ရောက်တာမျိုး မဟုတ်ဘဲ အွန်လိုင်းက လုပ်ဆောင်ဖို့ လိုပါတယ်။ မဖြစ်မနေ လုပ်ဆောင်ရရင် လူအနည်းဆုံးနဲ့ အချိန်တိုတိုနဲ့ ပြီးအောင် လုပ်ဆောင်ဖို့ လိုပါတယ်။

နံပါတ် (၇) တစ်ယောက်နဲ့တစ်ယောက်ခပ်ခွာခွာ ဖြစ်နေဖို့ လုပ်ငန်းခွင်အချိန်ဇယားကို တစ်ထပ်တည်း မကျအောင်ဆွဲဖို့လိုပါတယ်။ Break Time နားချိန်ပေးဖို့ လိုပါတယ်။ လုပ်ငန်းခွင်ရဲ့ ရည်မှန်းချက်ကို ပြည့်မီအောင်လုပ်ဆောင်ရင်းနဲ့ အခြားတစ်ဖက်ကလည်း ရောဂါကင်းဝေးစေရေးအတွက် အစီအမံများကိုလည်း ချမှတ်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ နံပါတ် (၈) တစ်ကိုယ်ရေ သန့်ရှင်းရေးကိုလည်း အားပေးရမှာ ဖြစ်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး အပြင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုက်နာရမယ့် စည်းကမ်းတွေကို အသိပေး၊ သတိပေး ပိုစတာတွေကို ထားရှိရမှာဖြစ်သလို ဆုပေးတာ၊ ချီးကျူးစကားပြောတာတွေနဲ့ လိုက်နာဆောင်ရွက်မှု အားကောင်းအောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၉) လုပ်ငန်းခွင်က တစ်စုံတစ်ယောက် ဖျားနာနေတယ်၊ သံသယလက္ခဏာရှိတယ်ဆိုရင် အပြစ်တင်တာမျိုးမလုပ်ဘဲ သက်ဆိုင်ရာကို သတင်းပေးပို့ရမှာ ဖြစ်ပါတယ်။ မိမိမှာ သံသယလက္ခဏာရှိတယ်၊ ပိုးတွေ့သူနဲ့ ထိတွေ့မှုရှိတယ်ဆိုရင် အထက်ဌာနကို ချက်ချင်းသတင်းပို့ပြီး သီးခြားခွဲနေရမယ်၊ လိုအပ်တဲ့ စစ်ဆေးမှုတွေလုပ်ဆောင်ပြီး လိုအပ်ရင် ကုသမှုတွေခံယူရမှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ ဖျားနာနေတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အပြစ်တင်တာမျိုးမလုပ်ဘဲ ခွင့်ပေးသင့်ပါတယ်။ ဖေးမကူညီရမှာဖြစ်ပါတယ်။ နံပါတ် (၁၀) မိမိလုပ်ငန်းခွင်မှာ ပိုးတွေ့သူ တစ်ယောက်၊ နှစ်ယောက်ရှိရင် သူ့အလုပ်လုပ်ခဲ့တဲ့နေရာကို ၄၈ နာရီ အသုံးမပြုဘဲ ပိုးသန့်စင်ရမှာ ဖြစ်ပါတယ်။ ပိုးတွေ့သူများလာရင် ဒီဌာနကို ၄၈ နာရီပိတ်ပြီး ပိုးသန့်စင်ရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ပြောရရင် မိမိရဲ့အလုပ်ကို ချစ်မြတ်နိုးရမှာ ဖြစ်ပါတယ်။ အလုပ်ကို ချစ်မြတ်နိုးမှ မိမိနိုင်ငံကို ချစ်တယ်လို့ပြောနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းက ကိုယ့်ရဲ့စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ပညာရေး စသဖြင့် ဘက်ပေါင်းစုံက ပြန်ပြီးနာလန်ထူအောင် လုပ်ဆောင်ရမှာ ဖြစ်တဲ့အတွက် လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်တဲ့အခါ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးအောင် စည်းကမ်းချက်တွေကို လိုက်နာရင်း တစ်ဖက်ကလည်း မိမိရဲ့ ကာယ၊ ဉာဏအားတွေကို အပြည့်ထည့်ပြီး စွမ်းအားပြည့် လုပ်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

**ထက်လျှံ**

# ကျေးလက်ဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုအားပေး

**ကဝ စက်တင်ဘာ ၁၈**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ကဝမြို့နယ်အတွင်း ကျေးလက်ဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**စက်မှုလက်မှုလုပ်ငန်းများကြည့်ရှု**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကဝမြို့နယ် သပြုကျေးရွာအတွင်း ဒန်နှင့်သံထည်ပစ္စည်းများ အရည်ကျိုပုံသွင်း ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းများအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အသင်းအဖွဲ့ဖွဲ့စည်းပေးနိုင်ရေး၊ နည်းပညာနှင့် ချေးငွေရရှိနိုင်ရေး၊ ကုန်ကြမ်းရရှိစေရေး၊ လျှပ်စစ်မီးပြည့်ဝစွာသုံးစွဲနိုင်ရေး၊ ခိုင်မာသည့်ဈေးကွက် ရရှိစေရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သပြုကျေးရွာတိုက်နယ်ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ကဝ-သပြု-ရှမ်းကံ ကျေးလက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့ပေါ်ရှိ မြို့တွင်းလမ်းများ၊ အုတ်ရေမြောင်းနှင့် ပလက်ဖောင်းများ ပြုလုပ်နေမှုကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာနှင့် ကဝမြို့မဈေး တည်ဆောက်မည့် မြေနေရာတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကဝမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့ ငါးထပ်ကြီးဘုရားဝင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ကဝမြို့အဝင် တံတား ပြန်လည်အဆင့်မြှင့်တင်နေမှုနှင့် အင်းတကော်-ကဝ-အုန်းနဲ့လမ်းအား ကတ္တရာထပ်ပိုးလွှာ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# ပခုက္ကူမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

**ပခုက္ကူ စက်တင်ဘာ ၁၈**
မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် ပခုက္ကူမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ယမန်နေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။

**အစားအသောက်များ ပေးဝေ**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို သွားရောက်စစ်ဆေးကြပြီး ကာကွယ်ဆေးလာရောက် ထိုးနှံသူများအား ကိုဗစ်ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အာဟာရဖြည့်အစားအသောက်များ ပေးဝေသည်။

ထို့နောက် ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အောက်ဆီဂျင်စက်ရုံတည်ဆောက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နေ့လယ်ပိုင်းတွင် ကွန်းရွာအုပ်စု ရွှေတန့်တစ်ကျေးရွာရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုကာ ဆောင်ရွက်ပြီးစီးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ကြသည်။

**ရေပေးဝေမှုကြည့်ရှု**

ထို့အပြင် ပခုက္ကူမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ ရွှေတန့်တစ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြို့နှင့် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းအခြေအနေနှင့် ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ကြီးရွာမြစ်ရေတင်ဖြင့် နှမ်း၊ မိုး၊ ဆောင်း စပါးနှင့် သီးနှံမျိုးစုံစိုက်ပျိုးသည့် တောင်သူများအား နှစ်စဉ်ရေပေးဝေနိုင်မှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**

# ဘားအံ၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်း

**ဘားအံ စက်တင်ဘာ ၁၈**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ဘားအံ)၌ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁ဝ နာရီခန့်က အဆိုပါသင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တီထွင်ဖန်တီး**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းမှ တတ်မြောက်သွားခဲ့သည့် စက်ချုပ်ပညာရပ်များနှင့် အိမ်တွင်းမှု သက်မွေးပညာရပ်များကို တန်ဖိုးထားပြီး ခေတ်နှင့် လျော်ညီသည့်ပညာရပ်များကိုပါ ဆက်လက်လေ့လာ ဆည်းပူးတီထွင်ဖန်တီးကြကာ မိမိဘဝအတွက် အသက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းသင်တန်းသူများ ကိုယ်တိုင်ဖန်တီးချုပ်လုပ်ထားသည့် လက်ရာများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ခရိုင်၊ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ ကန်သာယာ ကန်ပတ်လမ်း၌ လူသွားလမ်းတိုးချဲ့ ဆောင်ရွက်နိုင်ရေး ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ရန်ကင်းတောင်တက်လမ်း တိုးချဲ့နိုင်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ စနစ်တကျထည့်သွင်းတည်ဆောက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ကျက်သရေဆောင်ကြာအင်းတောင်ခြေ၌ တည်ဆောက်လျက်ရှိသည့် သာသနာ့ဝေစည် ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာ၌ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများနှင့် ဦးတည်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံ



**စစ်ကိုင်း စက်တင်ဘာ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများနှင့် ဦးတည်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင် ၂ဝဝ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးမှုအား လိုက်လံရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှု ခံယူနေကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

အဆိုပါ စစ်ကိုင်းမြို့ ခုတင် ၂ဝဝ ဆံ့ ပြည်သူ့ဆေးရုံအတွင်း တည်ဆောက်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးအပ်သည့် အောက်ဆီဂျင်စက်ရုံသည် တစ်ရက်လျှင် လီတာ ၄ဝ ဆံ့ အောက်ဆီဂျင်အိုး ၉ဝ ခန့်ထွက်ရှိမည်ဖြစ်ပြီး စစ်ကိုင်းမြို့အတွက် လိုအပ်သည့်အောက်ဆီဂျင်အား လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ မြဝတီနှင့် တာချီလိတ်စခန်း ငါးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၀ ခုမှ ယာဉ်စီးရေ ၁၆ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်သုံးစီးဖြင့် ၅၆ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၆၃၀၊ အောက်ဆီဂျင်ထုတ်စက်ရှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၀ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၀ နှင့် နှာခေါင်းစည်း ၁၁ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်သုံးစီးမှာ ရန်ကုန်မြို့သို့ တစ်စီး၊ မန္တလေးမြို့သို့ နှစ်စီးဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက် ရှစ်ခုမှာ ရန်ကုန်မြို့သို့ နှစ်ခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ မုံရွာမြို့၊ မြိုင်မြို့၊ ဂန့်ဂေါမြို့နှင့် ထန်ထလန်မြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။



စက်တင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ကုမ္ပဏီ ၂၀၄ ခုမှ ယာဉ်အစီးရေ ၃၈၀ ဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၅၈၆ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၁၂၆ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ယာဉ်ဖြင့် တန် ၂၀၊ Storage Container လေးခု၊ အောက်ဆီဂျင်(အရည်) Distributor တစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၇၄၀၀၀၊ အောက်ဆီဂျင်ထုတ်စက် ၁၅၃ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ Oxygen Generator ၁၈ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၃၂၈ ခု၊ Test Kit ခုရေ ၇၀၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ သိန်း၊ လက်အိတ် ၈၁ တန်နှင့် နှာခေါင်းစည်း တန် ၂၂၇၀ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

စက်တင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ် စုစုပေါင်း ၂၉ စီးမှာ ရန်ကုန်မြို့သို့ အစီး ၂၀၊ မန္တလေးမြို့သို့ လေးစီး၊ မော်လမြိုင်မြို့သို့ နှစ်စီး၊ ပဲခူးမြို့၊ မုံရွာမြို့နှင့် ပြည်မြို့များသို့ တစ်စီးစီဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက် စုစုပေါင်း ၁၅၃ ခုမှာ ရန်ကုန်မြို့သို့ ၁၀၈ ခု၊ မန္တလေးမြို့သို့ ၁၂ ခု၊ ပခုက္ကူမြို့သို့ သုံးခု၊ ချောက်မြို့သို့ သုံးခု၊ လားရှိုးမြို့သို့ နှစ်ခု၊ မင်းဘူးမြို့သို့ နှစ်ခု၊ မအူပင်မြို့သို့ နှစ်ခု၊ မော်လမြိုင်၊ မုံရွာ၊ မြစ်ကြီးနား၊ မိုးကောင်း၊ မြင်းမူ၊ မုဒုံ၊ ပြည်၊ မိတ္ထီလာ၊ မြောင်းမြ၊ ဝိုင်းမော်၊ တာချီလိတ်၊ မိုးညှင်း၊ ကန်ကြီးထောင့်၊ ဖားကန့်၊ အောင်လံ၊ ကဝ၊ စဉ့်ကူး၊ မြိုင်၊ ဂန့်ဂေါ၊ ထန်တလန်နှင့် တန့်ယန်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆၉ ဦးအား ကန့်သတ်စောင့်ကြည့်

**ကော့သောင်း စက်တင်ဘာ ၁၈**

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများဖြစ်သည့် အမျိုးသား ၁၃၃ ဦးနှင့် အမျိုးသမီး ၃၆ ဦး စုစုပေါင်း အလုပ်သမား ၁၆၉ ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ လာရောက်လွှဲပြောင်းပေးအပ်သည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသူများနှင့် အရေးယူခံနေရသူများဖြစ်သည်။ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသံသယရှိသူများပါဝင်လာခြင်း ရှိ၊ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ၊ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးကြသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကော့သောင်းမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်း သုံးခုတွင် အထူးကြပ်မတ်ကာ အသွားအလာကန့်သတ်မှု ၁၄ ရက်ထားရှိစောင့်ကြည့်ပြီး ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိခြင်းမရှိမှသာ မိမိတို့နေထိုင်ရာနေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ လေးခုမှ Paclimark Injection ၁၀၀၀၊ Zinc Capsules ၃၀၀၀၀၊ Spirulina Capsules ၆၄၀၀၊ Vitalty Softgels ၆၀၀၀၊ Chitosan Capsules ၄၀၀၀၊ Multivitamin & Multimineral Tablets ၁၄၄၀၊ Mixtard 30 100IU ၃၂၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ အောက်ဆီဂျင် ထုတ်သည့်စက် နှစ်ခု၊ Oxygen Cylinder ၁၁၀၀၊ မျက်နှာအကာ ၂၃၆၄၀၀၀၊ Oxygen Mask ၅၅၀၀၀၊ Pluse Oximeter ၁၄၀၀ နှင့် ဆေးဝါးမျိုးစုံ ၃၅ မျိုး ၁၇၈၅၆၉ ဒသမ ၄၃ ကီလိုဂရမ်၊ နယ်စပ်(မူဆယ်၊ တာချီလိတ်၊ ချင်းရွှေဟော်၊ မြဝတီ)တွင် ကုမ္ပဏီ ၁၉ ခုတို့မှ Oxygen Cylinder ၅၀၄၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၁၀၊ နှာခေါင်းစည်း ၆၁၀၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၄၆၂၇ ကုဗမီတာ၊ Cannula ၇၆၀၀၀၊ Flow Meter / Regulator ၁၀၃၃ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀၀၊ အောက်ဆီဂျင် ထုတ်သည့်စက် ခြောက်ခု၊ Oxygen Mask ၇၅၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပျဉ်းမနားမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပျဉ်းမနား စက်တင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာများရရှိစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးစင်တာတွင် လာရောက်ဆေးထိုးနှံကြသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ဖြိုး(ပြန်ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ


**နေပြည်တော် စက်တင်ဘာ ၁၈**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ဝတ္ထုတို

### ယင်းမာ




"တုံ တုံ တုံ တုံ" ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံ တတုံတုံကြားရချေပြီ။ ခင်သုန် မျက်လုံးကို မေးစင်းကာ အနည်းငယ်ဖွင့်ကြည့်လိုက်သည်။ အဖေသည် လွယ်အိတ်ကို စလွယ်သိုင်းလွယ်၍ ထမ်းပိုးတစ်ဖက်တစ်ချက်တွင် ထန်းခေါက်တောင်းတစ်လုံးစီကို ကြိုးနှင့်ချိတ်ဆွဲကာ ထမ်းပြီး ရှေ့မှထွက်ဖို့ပြင်နေသည်။ အမေကတော့ ထမင်းအိုးများထည့်ထားသည့် ထန်းခေါက်တောင်းတစ်လုံးကို ခေါင်းမှာရွက်ကာ အဖေ့နောက်မှ ထက်ကြပ်မကွာ လိုက်ရန်ပြင်သည်။ ပုဆိုးတိုတို၊ လုံချည်တိုတိုနှင့် တာယာညှပ်ဖိနပ်ကိုယ်စီ စီးထားသော အဖေနှင့်အမေ့ကို ကြည့်၍ ခင်သုန် သနားမိသည်။ မနက် ဘုန်းတော်ကြီးကျောင်းက အုန်းမောင်းခေါက်သည်နှင့် အဖေနှင့်အမေသည် ရွာနှင့် ခြောက်မိုင်ခန့်ဝေးသော ခင်ပေါ်တောသို့တက်ကာ သပြေပန်းများ ချိုးကြရသည်။ တစ်နေကုန်၍ တစ်မိုးချုပ်ခါနီးမှ အဖေနှင့်အမေတို့ အိမ်သို့ ပြန်ရောက်လာတတ်သည်။

မနက်မလင်းမီထပြီး ခင်သုန် ထမင်းအိုးတည်သည်။ ထမင်းရည်ကို အိုးတစ်လုံးနှင့် ခံထားလိုက်သည်။ မနက်လင်းလျှင် ဆိတ်ကျောင်းသွားမည့် ခင်သုန့်အစ်ကိုကို ထမင်းချူးကျွေးကာ အိုးခွက်ပန်းကန်များကိုဆေးသည်။ ခင်သုန်ကတော့စောစောကငှဲ့ထားသော ထမင်းရည်ထဲတွင် ထမင်းအိုးထဲမှ ထမင်းတစ်ဇွန်းခန့် ကော်ထည့်ကာ ဆားခတ်၍ သောက်လိုက်သည်။ ဤသည်မှာ ခင်သုန်၏ မနက်စာဖြစ်သည်။

ခင်သုန့် အစ်ကိုသည် သူများဆိတ်များကို အငှားကျောင်းရခြင်းဖြစ်သည်။ ကျောင်းတက်ရသည်ကို ခင်သုန် အပျော်ဆုံးဖြစ်သည်။ ကျောင်းရောက်လျှင် ဆရာ ဆရာမများ သင်ပြသည့်စာကို ဂရုစိုက်၍ သင်ယူသည်။

ခင်သုန့်အမေသည် တောထဲမှ ပန်းချိုးပြန်လာလျှင် တစ်ခါတစ်ရံ အင်ကြင်းပန်းများ၊ ရင်ခတ်ပန်းများလည်း ပါလာတတ်သည်။ ထိုသို့ပါလာလျှင် ခင်သုန် ဆရာမအတွက် ရင်ခတ်ပန်းဖွေးဖွေးလေးများ ပေးနိုင်ခဲ့လျှင် သိပ်ကောင်းမှာပဲဟု တွေးမိသေးသည်။ ရင်ခတ်ပန်းလေးများ ဆရာမ၏ ဆံထုံးတွင်ပန်ထားသည်ကို စိတ်ကူးနှင့်မြင်ယောင်ကာ ပျော်မိသည်မှာ ခင်သုန်ပင်ဖြစ်သည်။ ရင်ခတ်ပန်းပွင့်ချိန်သည် နွေကျောင်းပိတ်ရက်ဖြစ်သဖြင့် ခင်သုန့် စိတ်ကူးအတွေးတို့ကို အကောင်အထည်မဖော်နိုင်ခဲ့။

"ခင်သုန်ရေ ညည်း ချောင်းရေခပ်လို့ပြည့်ရင် အမေ့ကို လာကူဦး"

"ဟုတ် အမေ"

အမေသည် တောထဲမှ ချိုးလာသော သပြေပန်းများကို ဖျာကြမ်းတစ်ချပ်ပေါ်တွင် အောက်မှ ပုဆိုးစုတ်များခင်းကာ တင်ထားသည်။ ခင်သုန်သည် အနေတော်သပြေခက် သုံးလေးခက်ကို စုကိုင်ကာ ထန်းဖူးလျှော်နှင့်စည်းသည်။ စည်းပြီးသော ပန်းစည်းများကို ပုဆိုးစုတ်ပေါ်တွင် ပုံထားလိုက်သည်။

ပန်းများအားလုံး စည်းပြီးသောအခါမှ ရေနှင့်စိုရွှဲနေအောင် ဖျန်းသည်။ ပြီးလျှင် ထန်းခေါက်တောင်းထဲတွင် ပုဆိုးကို ကွင်းလိုက်ထည့်ကာ တောင်းနှုတ်ခမ်းပတ်လည်တွင် ပုဆိုးနှုတ်ခမ်းသားများကို တင်ထားလိုက်သည်။ မနက် ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်လျှင် အဖေနှင့်အမေသည် ပန်းတောင်းများကို ထမ်းရွက်ကာ မြို့ဈေးသို့ သွားရောင်းကြရသည်။ မိုးရွာ၍ ချောင်းရေကျလာလျှင် ငှက်ပျောတုံးများကို ဖောင်ဖွဲ့၍ ချောင်းကို ဖြတ်ကူးသွားကြရသည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသည့်အတိုင်း ညက တစ်ညလုံးမိုးရွာသဖြင့် ခင်သုန်တို့ရွာထိပ် ယမားချောင်းတွင် ချောင်းရေများ လာနေသည်။ ခင်သုန် ကျောင်းတက်မပျက်ချင်။ ငါးတန်းဆက်တက်ခွင့်ရအောင် အဖေနှင့် အမေကို ခင်သုန် ခက်ခက်ခဲခဲ ပြောထားရသည်။ ခင်သုန့်နည်းတူ ရွာထဲမှ မြို့သို့ ကျောင်းသွားတက်သူ လေးငါးယောက်ရှိသည်။ သည်အထဲတွင် မိန်းကလေးမှာ ခင်သုန် တစ်ယောက်ထဲရှိသည်။ ကျန်သည့်သူများမှာ ယောကျ်ားလေးများဖြစ်သည်။ အိမ်နားမှ ဘကြီးချစ်၏ သားတစ်ယောက်နှင့် ခင်သုန့်အစ်ကို ဝမ်းကွဲတစ်ယောက်မှာ ခင်သုန့်ကို အမြဲစောင့်ရှောက်ကာ ခေါ်လေ့ရှိသည်။ ယခုတော့ မိုးတွေရွာလို့ ချောင်းရေတွေ ကျလာချေပြီ။ အဖေ့ကို လိုက်ပို့ခိုင်းရမည်။ အဖေကတော့ ချောင်းရေ ကမ်းဘယ်လောက်လျှံလျှံ ကြောက်သူမဟုတ်။ အဖေမှမဟုတ်ပါ ဤရွာရှိ အရွယ်ရောက်သူတိုင်း ယောကျ်ား၊ မိန်းမ အကုန်ရေမကြောက်ကြ။ ရေကြောက်နေ၍လည်းမဖြစ်။ သည်ချောင်းရေကို ကြောက်၍မကူးဘဲနေလျှင် ထမင်းမစားဘဲနေရုံသာရှိတော့သည်။ သည်ချောင်းကို ဖြတ်ကူးပြီး မြို့သို့ ဈေးသွားရောင်းမှ ထမင်းစားရသည့်ဘဝတွေမဟုတ်ပါလား။

"ခင်သုန် သမီး ညည်း ကျောင်းထွက်ပါတော့အေ၊ ညည်း အခုလို နေ့တိုင်း ပင်ပန်းတဲ့ဒဏ်ကို ဘယ်အထိ တောင့်ခံနိုင်မတုန်း"

အဖေသည် မနက်တစ်ခေါက် ခင်သုန့်ကို ချောင်းရေကူးပြီး ချောင်းတစ်ဖက်ကမ်းသို့ လိုက်ပို့သည်။ ညနေ ကျောင်းဆင်းပြန်လာတော့လည်း တစ်ခေါက်ပြန်လာကြိုရသည်။ ခင်သုန့်မှာတော့ ချောင်းကူးပြီးလျှင် လေးမိုင်ခန့်ခရီးကို ခြေကျင်လျှောက်ရသေးသည်။ စာအုပ်အပြည့်ပါသော လွယ်အိတ်ကိုလည်း ပခုံးမှာ မလွယ်နိုင်သဖြင့် လွယ်အိတ်ကြိုးကို ခေါင်းမှာ ချိတ်ကာသယ်ရသည်။ လက်မှာလည်း ထမင်းထုပ်ကို ကိုင်ရသေးသည်။ ရွှံ့ဗွက်ထဲတွင် သွားရသည်ဖြစ်သဖြင့် ဖိနပ်များမှာ လက်ကောက်ဝတ် တစ်ဖက်တစ်ချက်တွင်ချိတ်လျက် လူကို ပြန်စီးနေကြသည်။

"ခင်သုန် ကျောင်းဆက်တက်ချင်တယ် အဖေ" ခင်သုန့်စကား အကြားမှာတော့ အဖေ မှိုင်သွားသည်။ ဘာစကားမှလည်း ဆက်မပြောတော့ဘဲ ထမင်းဝိုင်းမှ လေးလေးပင်ပင် ထသွားတော့သည်။ ခင်သုန့်အမေနှင့် အစ်ကိုမှာတော့ ခင်သုန့်ကို စိတ်မကောင်းစွာကြည့်ရင်းသာ ဘာစကားမှ ဝင်မပြောကြ။

ညနေဘက် ခင်သုန် အမေ့ကို ပန်းကူစည်းနေသည်။ သည်မနက် အဖေတို့ ပန်းချိုးသွားကြသဖြင့် ခင်သုန့်ကို ချောင်းတစ်ဖက်ကမ်းကို လိုက်မပို့နိုင်။ ကျောင်းမပျက်ချင်ပါဘဲ ခင်သုန် ကျောင်းတစ်ရက်ပျက်ရသည်။

"တင်လှိုင်ရေ တင်လှိုင်"

"ဩော် ကိုကြီးချစ်လှိုင် ဘာကိစ္စရှိလို့လဲ၊ လာဗျာ ထိုင်ပါဦး"

"မထိုင်တော့ပါဘူးကွာ၊ မင်းသမီးကို ကျောင်းထွက်ခိုင်းနေတယ်ဆို"

"ဟုတ်ကဲ့"

"ကလေးက ကျောင်းဆက်တက်ချင်တာ တက်ပါစေကွာ၊ ငါ ယင်းမာပင်မှာ အိမ်တစ်လုံးငှားထားတယ်၊ ကလေးတွေကို စောင့်ရှောက်ဖို့ မိအေးကိုလည်း ထည့်လိုက်မယ်၊ မင်းသမီးကို မိအေးလည်း အဖော်ရအောင် အဲဒီမှာထားလိုက်"

"မင်း စိတ်ချရဲ့လား"

"မအေးပါနေတာပဲ၊ စိတ်ချပါတယ် ကိုကြီး"

"အေး အေး မနက်ဖြန်သွားဖို့ပြင်ထား၊ အိမ်က မဒွေးပါ လိုက်ပို့လိမ့်မယ်"

ဘကြီးချစ်ပြန်သွားသည်ကို ခင်သုန် မျက်စိတစ်ဆုံး လိုက်ငေးကြည့်နေမိသည်။ ယခုအချိန် ဘကြီးချစ်ကို ပြေး၍ပင် ထိုင်ကန်တော့ချင်မိသည်။ ခင်သုန် ကျောင်းမထွက်ရတော့။ ပျော်လွန်းလို့ မျက်ရည်များပင်ကျလာသည်။

"အဖေ" ပန်းစည်းနေရာမှထကာ ခင်သုန် ကတုန်ကယင်နှင့် အဖေ့အနား သွားမိသည်။

"အဖေ ခင်သုန် ကျောင်းမထွက်ရတော့ဘူးပေါ့နော်" အဖေက ဘာစကားတစ်ခွန်းမှ မပြောဘဲ ခင်သုန့်ကို ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ အဖေ့မျက်ဝန်းမှာလည်း မျက်ရည်များရစ်ဝိုင်းလျက်။

နောက်နေ့မနက်တွင် ချောင်းရေပြန်မကျသေးသဖြင့် ခင်သုန်တို့ကို ငှက်ပျောတုံးများဖြင့် ဖောင်ဖွဲ့ကာ ချောင်းတစ်ဖက်ကမ်းသို့ လိုက်ပို့ကြသည်။ အဖေနှင့် အမေမှာလည်း ပန်းရောင်းရင်း ခင်သုန်တို့နှင့်အတူ လိုက်လာကြသည်။ ပန်းရောင်းပြီးသောအခါ ခင်သုန့်အတွက် လိုအပ်သည့်ပစ္စည်းများဝယ်ကာ လာပို့ကြသည်။

"မအေးရေ ခင်သုန့်အတွက် ဆန်၊ ဆီ၊ ဆား၊ ဟင်းချက်စရာ လိုအပ်မယ်ထင်တာလေးတွေဝယ်ပေးခဲ့တယ်၊ သူ့ဟာသူ ချက်စားခိုင်း၊ သူချက်တတ်တယ်"

"ဟုတ်ကဲ့ ဦးလေးနဲ့ဒေါ်ကြီး၊ ခင်သုန့်အတွက် မပူပါနဲ့"

"လိုတာရှိရင် လှမ်းမှာလိုက်နော် ခင်သုန်၊ ဈေးထဲမှာ နေ့တိုင်း လူကြုံတွေရှိတယ်၊ အမေတို့လည်း ပန်းရောင်းပြန်တိုင်းဝင်ခဲ့မယ်"

အဖေနှင့်အမေပြန်သွားတော့ ခင်သုန် မျက်ရည်အဝိုင်းသားနှင့် လက်ပြကျန်ရစ်ခဲ့သည်။ ထိုအချိန်မှစ၍ ခင်သုန် ကိုယ့်ထမင်းကိုယ်ချက်၊ ကိုယ့်အဝတ်ကိုယ်လျှော်ကာ ကျောင်းတက်ခဲ့ရသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် မမအေးနှင့်အတူ အစ်ကိုများ၏ အဝတ်များကို ကူလျှော်ရသည်။ မမအေး ကြည်ဖြူစေရန် ထမင်းဟင်းလည်း ဝိုင်းကူကာ ချက်ပေးရလေသည်။ မမအေးသည် တစ်ခါတစ်ရံ စိတ်လိုလက်ရ သဘောကောင်းတတ်သော်လည်း တစ်ခါတစ်ရံတော့ ခင်သုန် ညဥ့်နက်အောင် စာကြည့်လျှင်ပင် ဆူတတ်၊ ငေါက်တတ်သည်။ ဖယောင်းတိုင်မီးနှင့် စာကျက်ရသဖြင့် မီးစိတ်မချဟုဆိုကာ သူအိပ်လျှင် ခင်သုန်လည်း လိုက်အိပ်ရလေသည်။

"ခင်သုန် ညည်းက ဘယ်အထိများ မျှော်မှန်းထားတုန်းအေ၊ စာတတ်တော့ရော ဘာလုပ်မှာတုန်း၊ တို့ရွာမှာ ဘာမှလုပ်စရာမရှိဘူး၊ ညည်းလည်း တစ်နေ့ကျရင် ညည်းအဖေနဲ့အမေလိုပဲ တောထဲ ပန်းချိုးထွက်ရမှာပဲ၊ ဘာများပြောင်းလဲသွားတာရှိမှာတုန်း၊ ပန်းမချိုးချင်လည်း ညည်းအစ်ကိုလို ဆိတ်အငှားကျောင်းရမှာပဲ မဟုတ်လား"

ခင်သုန် မမအေးကို ဘာမှပြန်မပြောဖြစ်တော့၊ ခင်သုန် ပြန်ပြောလျှင်လည်း မမအေးက လက်ခံမှာမဟုတ်။ သည်တော့ ခေါင်းငုံ့ခံနေတာပဲ စကားနည်းရန်စဲသည် မဟုတ်ပါလား။

မမအေးပြောသလိုပင် ခင်သုန် ဆယ်တန်းအောင်ခဲ့သော်လည်း အဖေနှင့်အမေတို့၏ ဘဝများက ဘာမှမပြောင်းလဲခဲ့သေး။ အဖေနှင့်အမေမှာ ပန်းချိုးနေရဆဲ။ ခင်သုန့်အစ်ကိုမှာတော့ အိမ်ထောင်ကျသွားကာ ခင်သုန်တို့ခြံဝင်းလေးထဲမှာပဲ အိမ်ကလေး ဆောက်လို့နေသည်။ ဆယ်တန်းအောင်ပြီးကတည်းက ခင်သုန် ရသည့်အလုပ်ကိုလုပ်သည်။ ပေါင်းသင်၊ ပဲနုတ်၊ အာလူးဖော်၊ ကြက်သွန်တူး ရသည့်အလုပ်ကိုလုပ်ကာ အဖေနှင့် အမေ့ကို ဝိုင်းကူသည်။ အဝေးသင်တက္ကသိုလ် လျှောက်ကာ မြန်မာစာအဓိကနှင့် ဘွဲ့ရအောင်ကြိုးစားသည်။ ခင်သုန် ပထမနှစ် ကျောင်းတက်ပြီးစမှာပဲ ပညာရေးဌာနက အလုပ်များခေါ်သဖြင့် ဝင်လျှောက်ခဲ့သည်။ ပထမဦးဆုံး အောက်ခြေဝန်ထမ်းအတွေ့အကြုံလုပ်သားဘဝနှင့် ခင်သုန်တို့ရွာနှင့် ရှစ်မိုင်ခန့်ဝေးသော ရွာလေးတစ်ရွာသို့ တာဝန်ကျခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ထိုရွာကလေးသို့ ခြေကျင်သွားခဲ့ရသည်။ ထိုသို့ ခြေကျင်သွားရင်း ခင်သုန်တို့ရွာမှ ပန်းချိုးသွားသူများနှင့် ကြုံရတွေ့ရသည်။ ပန်းတောင်းကြီးများ တအဲလူလူနှင့် ထမ်းကာရွက်ကာ သွားကြရသော သူတို့ကို မြင်တွေ့ရသည့်အခါ ခင်သုန် အဖေနှင့်အမေကို အတွေးမှာ ပြေးမြင်မိသည်။ ယခုမှ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသော ပန်းသည်များဘဝကို စာနာမိကာ အဖေနှင့်အမေ့ကို ပိုမိုလေးစားချစ်ခင်စိတ်ဖြစ်မိသည်။ စ၍ရသော လစာလေး ၆၀၀ ကို ခင်သုန် အဖေနှင့် အမေ့ကို ထိုင်ကန်တော့ဖြစ်တော့ အဖေနှင့်အမေက မျက်ရည်အဝဲသားနှင့် ဝမ်းသာစကား ဆိုကြရှာသည်။

ကံကောင်းချင်တော့ ခင်သုန် အလုပ်ဝင်ပြီး လပိုင်းခန့်အကြာမှာပဲ အစိုးရက ဝန်ထမ်းများကို လစာရင်း၏ ဆယ်ဆ ချေးငွေထုတ်ချေးခဲ့သည်။ ရသည့်ငွေကလေး ၆၀၀၀ ကိုပိုက်ကာ ခင်သုန် အဖေနှင့်အမေ့ဆီ အပြေးသွားကာ ကန်တော့မိသည်။ တစ်သက်လုံး ပန်းချိုးစားခဲ့ရသော အဖေနှင့်အမေ့ကို သည်နှစ်တော့ ချောင်းစိုက်ခင်းအရင်းလေး လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

"အဖေနဲ့အမေ့ကို ခင်သုန် မပင်မပန်းနေနိုင်အောင်ထားချင်ပေမယ့် အခုတော့ ခင်သုန် ဒီငွေလေးနဲ့ပဲ ကန်တော့နိုင်ပါသေးတယ်၊ ခင်သုန့်ကို ခွင့်လွှတ်ကြပါနော်"

"သမီးဖြစ်ချင်တဲ့ ဆရာမဖြစ်အောင် ဆက်ကြိုးစားပါသမီးရယ်၊ ဒီရွာမှာ သမီးက အဖေတို့လို ဘဝထဲကနေ ပထမဦးဆုံး ရုန်းထွက်နိုင်တဲ့ မိန်းကလေးမို့ အဖေ ဂုဏ်ယူရပါတယ်ကွယ်"

မူလတန်းပြ ဆရာမအဖြစ် ရာထူးတိုးကာ ခင်သုန်တို့ရွာနှင့် မိုင်နှစ်ဆယ်ခန့်ဝေးသော ရွာကြီးတစ်ရွာသို့ ခင်သုန် ပြောင်းရွှေ့ခဲ့ရပြန်သည်။ လစာ ၉၅၀ ကျပ်သည် ခင်သုန် သွားစရိတ်၊ ပြန်စရိတ်၊ သုံးစရိတ်များနှင့် အဖေနှင့် အမေ့ကို မထောက်ပံ့နိုင်ခဲ့ပြန်။ ဆရာမလုပ်ရင်း အဝေးသင်ဘွဲ့ရအောင်ယူခဲ့သည်။ မူလတန်းပြဆရာဖြစ်သင်တန်း တက်ရောက်ခဲ့သည်။

ထိုရွာကြီးတွင် နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးသောအခါ ခင်သုန်တို့ရွာနှင့် အနီးဆုံးရွာလေးသို့ ပြောင်းရွှေ့ခွင့်ရခဲ့သည်။ ရွာနှင့်မဝေးသဖြင့် နေ့ချင်းပြန်ကျောင်းတက်ခဲ့သည်။ ယခုတော့ ခင်သုန် အဖေနှင့် အမေ့ကို အနားပေးခဲ့နိုင်ပြီဖြစ်သည်။ ချမ်းချမ်းသာသာကြီးမဟုတ်သော်လည်း မပူမပင်နေနိုင်အောင် ထားနိုင်ခဲ့ပြီဖြစ်သည်။ ယခုတော့ ခင်သုန် အလယ်တန်းပြ စာပေးစာယူသင်တန်းလည်းပြီးခဲ့ပြီ။ ထိုကျောင်းလေးမှာပဲ လယ်ပြရာထူးနှင့် တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါသည်။

"အမေ အမေတို့ ပန်းချိုးမသွားရတာ ခင်သုန် အလွန်ဝမ်းသာတာပဲ၊ ဒါပေမဲ့ တစ်ခုတော့ လွမ်းမိသား"

"ညည်းက ဘာကိုများ လွမ်းနေသတုန်း"

"ရင်ခတ်ပန်းလေ"

"ညည်းအဖေ ပြောခဲ့တဲ့စကား မှတ်မိသေးလား"

"မှတ်မိတာပေါ့အမေ"

"သမီး ဒီရင်ခတ်ပန်းလေးက ဖြူစင်ပြီး မွှေးပျံ့လွန်းတယ်၊ ဒါပေမဲ့ သူ ဘယ်လို ရှင်သန်ဖူးပွင့်လာလဲဆိုတာ သမီးသိရဲ့လား၊ သူက ကျောက်စိုင်ကျောက်သားထဲကနေ ထိုးထွက်ပြီး ရှင်သန်လာတာ၊ ပူပြင်းလွန်းတဲ့ နွေလယ်မှာတောင် အညွန့်အဖူးထွက်ပြီး သတ္တိရှိရှိပွင့်ပြခဲ့တာ၊ သူ့ရဲ့ ဖြူစင်တဲ့အဆင်းနဲ့ မွှေးပျံ့တဲ့ရနံ့က လောကကြီးကို အလှဆင်ပြနေတယ်သမီး"

ခင်သုန့်ဘဝကို ရင်ခတ်ပန်းလေးနှင့် စံနမူနာယူပြီး ကြိုးစားခဲ့သည်ဆိုသည်ကိုတော့ ခင်သုန် အဖေနှင့်အမေ့ကို တစ်နေ့နေ့မှာ ပြောပြဖြစ်ဦးမည်ထင်ပါသည်လေ။ ခင်သုန် လျှောက်ခဲ့ရသော လမ်းသည် ပန်းခင်းလမ်းတော့ မဟုတ်ခဲ့ပါလေ။ ။

ဆောင်းပါး

# နိုင်ငံတော်ကြီး တိုးတက်ပြောင်းလဲဖို့

မောင်သက်ဝေ(အမ်း)

တစ်နေ့က တာမွေကအိမ်တစ်အိမ်သို့ ကလေးတစ်ယောက်ကို စာသင်ဖို့ သွားခဲ့သည်။ စာသင်နေရင်း တပည့်လေးက မေးခွန်းတစ်ခု မေးလာသည်။ "ဆရာ သားတို့နိုင်ငံဟာ ဘာလို့ဆင်းရဲနေတာလဲ"တဲ့။

ကျွန်တော်လည်း တစ်ချိန်က ဆရာကြီး ဦးအောင်သင်း ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို ပြန်ငှားသုံးလိုက်သည်။ ဆရာကြီးက "တိုင်းပြည် မကြီးပွား၊ မတိုးတက်တာ မျိုးချစ်စိတ်မရှိလို့ မဟုတ်၊ ပညာမတတ်ကြလို့ပဲ"ဟု ပြောခဲ့ဖူးသည်။ တကယ့်ကို တန်ဖိုးရှိသော စကားပါပဲ။

ဟုတ်ပါ၏။ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ ပညာရေး၏ အခန်းကဏ္ဍသည် ထိပ်ဆုံးမှာရှိသည်။ ပညာရေးစနစ် မကောင်းမွန်သရွေ့၊ ပညာရေးကို ဦးစားမပေးရွေ့ ထိုတိုင်းပြည်၊ ထိုနိုင်ငံသည် မည်သည့်အခါမှ တိုးတက်နိုင်မည် မဟုတ်။ ကမ္ဘာ့နိုင်ငံများ၏ ဘိတ်ဆုံးအဆင့်မှာသာ ရှိမည်။

### ထည့်သွင်းပုံဖော်နိုင်ပေ

မိမိတိုင်းပြည်၊ မိမိနိုင်ငံ တိုးတက်ပြောင်းလဲစေချင်လျှင် ပညာရေးကို မြှင့်တင်ပေးဖို့ အထူးလိုအပ်သည်။ တိုင်းပြည်တစ်ပြည်လှပအောင် ပညာတတ်များနှင့်သာ တည်ဆောက်ရသည်။ ပညာမဲ့များနှင့် မိမိတို့လိုလားသော တိုင်းပြည်ကို မဖန်တီးနိုင်။ ပညာရေးကို အခြေခံအုတ်မြစ်သဖွယ်ခိုင်မာစွာ တည်ဆောက်ပြီးသာ အခြားသောအခန်းကဏ္ဍများကို ထည့်သွင်းပုံဖော်နိုင်ပေမည်။

ပညာတတ်လူငယ်၊ မောင်မယ်များကို နိုင်ငံတော်က မွေးထုတ်ပေးနိုင်ရမည်။ ပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့်အတူ လိုက်ပါပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်သည်။ သို့မှသာ ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်ခရီးလမ်း ဖြောင့်ဖြူးသာယာလှပနိုင်မည်။

ပညာရေးအကြောင်း တွေးမိပြန်တော့လည်း စင်ကာပူနိုင်ငံကို ပြေးမြင်မိ၏။ ယနေ့ကမ္ဘာ့စာမျက်နှာပေါ်တွင် စင်ကာပူသည် ထိပ်တန်းတစ်နေရာမှာ ရောက်နေသည်။ အဘယ်ကြောင့်နည်း။ ပညာတတ်လို့ဆိုလျှင် မှားမည်မထင်။

စင်ကာပူအစိုးရက ပညာရေးကို ဦးစားပေး၏။ လူငယ်ပညာတတ်များကို နိုင်ငံတော်က မွေးထုတ်ပေး၏။ နိုင်ငံတော်ကို အုပ်ချုပ်သော ပုဂ္ဂိုလ်ကလည်း အရည်အချင်းပြည့်ဝပြီး ပညာတတ်၏။ အစိုးရအဖွဲ့ကိုလည်း အရည်အချင်းပြည့်ဝသော ခေတ်ပညာတတ်များနှင့် ဖွဲ့စည်းထားသည်။

တိုင်းပြည်ထူထောင်မှုပြုလုပ်သောအခါ နိုင်ငံအသီးသီးကနေ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ ပညာရှင်များကို ဖိတ်ခေါ်ပြီး နေရာပေးခဲ့သည်။ ပညာတတ်လူငယ်များကို ချီးမြှောက်ခဲ့သည်။ အသိပညာရှင်၊ အတတ်ပညာရှင်များကို နိုင်ငံအတွက် အကျိုးရှိရှိ အသုံးချနိုင်ခဲ့သည်။ ထို့ကြောင့်လည်း ကျွန်းနိုင်ငံလေးက ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာပြီး အာရှ၏ကျားတစ်ကောင် ဖြစ်နေသည်။

သည်နေရာမှာ စင်ကာပူအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ စင်ကာပူဆိုသည်မှာ အလွန်သေးငယ်သော ကျွန်းနိုင်ငံလေးတစ်ခုပါ။ ကမ္ဘာပေါ်မှာ နိုင်ငံနှင့်မြို့ တစ်ခုတည်းသာရှိသော နိုင်ငံသုံးနိုင်ငံထဲမှာ တစ်ခုအပါအဝင်ပေါ့။ ကျွန်တော်တို့နိုင်ငံ၏ အကျယ်အဝန်းနှင့် နှိုင်းယှဉ်မည်ဆိုလျှင် ရန်ကုန်မြို့ အကျယ်လောက်ပဲရှိမည်ထင်သည်။

သို့သော်လည်း ယနေ့အချိန်မှာတော့ ကျွန်းစုနိုင်ငံလေးက နိုင်ငံကြီးတွေကို ကျော်ဖြတ်ပြီး ကမ္ဘာ့နိုင်ငံများ၏ ထိပ်ဆုံးနေရာတစ်နေရာမှာ ရပ်တည်နေသည်။ မည်မျှ အံ့သြစရာကောင်းသနည်း။ ဤသို့ဖြစ်လာရခြင်းမှာ အုပ်ချုပ်သူအစိုးရက ပညာရေးကို အခြေခံပြီး တိုင်းပြည်ကို တည်ဆောက်ခဲ့ခြင်းကြောင့် ဆိုလျှင် ပိုမှန်ကန်လိမ့်မည်။

စင်ကာပူသည် နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်နှင့် တောင်မညီဟု ဆိုချင်သည်။ သဘာဝသယံဇာတလည်းမထွက်။ မြေဆီမြေသြဇာလည်း မကောင်းမွန်။ ရေကိုတောင် မလေးရှားနိုင်ငံက ဝယ်သောက်ရသည်။ သဲကိုလည်း ကျွန်တော်တို့နိုင်ငံက ဝယ်ယူခဲ့ရသည်ဟု သိရ၏။

ထိုကဲ့သို့ လူကလွဲလျှင် ဘာတစ်ခုမှ မထွက်သည့် တံငါရွာလေးကနေ ယနေ့အချိန်၌ ကမ္ဘာ့ထိပ်တန်း နိုင်ငံတစ်နိုင်ငံ ဖြစ်နေနိုင်သေးသည်။ ကျွန်တော်တို့ နိုင်ငံက ဘာကြောင့်မဖြစ်ရမှာလဲ။ ကျွန်တော်တို့မှာ စိမ်းလန်းစိုပြည်သော တောင်တန်းကြီးတွေလည်း ရှိသည်။ ရေ၊ မြေ၊ တောတောင်လည်း ကောင်းသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ၊ ရွှေငွေ၊ ကြေးနီ၊ ကျောက်သံပတ္တမြား စသည်တို့လည်း ထွက်သည်။ မည်သည့်အရာနှင့် နှိုင်းယှဉ်မည်နည်း။ ကြိုက်သည့်နေရာက နှိုင်းယှဉ်ပါ။ မိမိတို့က အဆပေါင်းများစွာသာသည်။ သို့သော်လည်း မိမိတို့နိုင်ငံကြီး ဆင်းရဲမွဲတေနေ၏။ ကျွန်တော်တို့တစ်တွေ ကြိုးစားဖို့လိုသည်။

တစ်ချိန်က စင်ကာပူနိုင်ငံ၏ဖခင်ကြီးဟု တင်စားခေါ်ဝေါ်အပ်သော ဝန်ကြီးချုပ် လီကွမ်ယုသည် စင်ကာပူနိုင်ငံကို တည်ဆောက်ဖို့ ကျွန်တော်တို့နိုင်ငံကိုလာပြီး အတုယူခဲ့ရသည်။ ရန်ကုန်က ဆရာစံလမ်းမကြီးကိုကြည့်ပြီး သည်လမ်းမျိုး ငါတို့လည်း ဖောက်မည်ဟုပြောခဲ့သည်။ စင်ကာပူက ကျောင်းသားများကိုလည်း ကျွန်တော်တို့နိုင်ငံမှာလာပြီး ပညာသင်ကြားစေခဲ့သည်။ နောင်အနှစ်(၂၀)ကြာလျှင် မြန်မာနိုင်ငံထက် တိုးတက်စေရမည်ဟုလည်း ပြောဆိုခဲ့ရသည်။ ကျွန်တော်တို့ စင်ကာပူနိုင်ငံကို အတုယူသင့်၏။

### ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်

ယနေ့အချိန်မှာ ကျွန်တော်တို့ မြန်မာတွေ အတိတ်သမိုင်းပုံရိပ်များကို ပြန်လည်ဖော်ထုတ်လက်ညှိုးထိုးနေ၍ မရတော့ပါ။ အမုန်းတွေကို ခဝါချကာ ချစ်ခြင်းမေတ္တာနှင့် ပြန်လည်အစားထိုးဖို့ အချိန်ရောက်ပါပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် နေထိုင်ကြသော မြန်မာပြည်ဖွား တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် မြန်မာနိုင်ငံသားတွေပါ။ ဆွေမျိုးရင်းချာတွေပါ။ အချင်းချင်း အငြိုးမထားကြပါနှင့်တော့။ အတိတ်ကို သင်ခန်းစာယူပြီး အနာဂတ်အတွက် ပစ္စုပ္ပန်မှာအတူတကွ ချစ်ချစ်ခင်ခင် ပူးပေါင်းလုပ်ဆောင်ကြပါစို့။ သို့မှသာ မိမိတို့လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်။ ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်ပါမည်။

အချုပ်ဆိုရသော် နိုင်ငံတစ်နိုင်ငံ ချမ်းသာကြွယ်ဝဖို့ အရည်အချင်းပြည့်ဝသော ခေတ်ပညာတတ်များကို နိုင်ငံတော်က မွေးထုတ်ပေးရပေမည်။ 'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး' ဆိုရိုးသကဲ့သို့ အနာဂတ်မျိုးဆက်သစ် ကျောင်းသားကျောင်းသူကလေးများ၏ ဘဝများကို လှပအောင် ပုံဖော်ပေးနိုင်မှသာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး ဘက်စုံဖွံ့ဖြိုးတိုးတက်လာပါမည်။

ထို့ကြောင့် မြန်မာပြည်ကြီးကို ဆင်းရဲတွင်းက လွတ်မြောက်စေဖို့ အစိုးရနှင့်ပြည်သူ အတူတကွ လက်တွဲညီညီ ကြိုးစားဆောင်ရွက်ပြီး ပညာရေးကို ဦးစားပေးလုပ်ဆောင်ပေးကြပါစို့ဟု ကျွန်တော်၏ ပညာဉာဏ် ဆီးစေ့လောက်လေးနှင့် တိုက်တွန်းလိုက်ရပါသည်။ မြန်မာပြည်သူ၊ ပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာ၊ ကျန်းမာကြပြီး မြန်မာပြည်ကြီးလည်း အမြန်ဆုံး ငြိမ်းချမ်းပါစေသတည်း။ ။

## လယ်ရိုပ်ခိုချိန်

* ကောင်းကင်တစ်ခို
တိမ်ညိုခြုံလွှမ်း၊ လျှပ်ပန်းပြိုးပြက်
မိုးသက်လေနှော၊ သည်တစ်ကြော
မိုးသံပေးလို့ရွာပါကော။

* တက်တက်ကြွကြွ
လုံ့လဇွဲယှဉ် လယ်ကွင်းပြင်ဝယ်
ကျွမ်းကျင်လှုပ်ရှား၊ လယ်သမားတို့
တိုးပွားပုံဖော် ပြုံးရိပ်ပေါ်။
မိုးလယ်ကောင်းလို့ အလွန်ပျော်။

* ပြုံးရိပ်ကိုဆောင်
ညီနောင်သားချင်း၊ ဖော်တစ်သင်းတို့
လယ်ကွင်းမှာပျော်၊ လယ်ပေါ်စိတ်နှစ်
လယ်ချစ်မြစ်တွယ်၊ ဤရပ်နယ်တွင်
မိုးလယ်စပါး ထွက်တိုးပွား
ဖြိုးကြွယ်မနား ဆက်ကျိုးများ။

* သည်ချိန်သည်မိုး
ရွာဖြိုးဖိတ်သွန်၊ ကောင်းကျိုးမွန်နှင့်
အားခွန်ပြုံးပန်း၊ မွေးထုံလန်းပြီ
အဆန်းတကြယ်၊ သည်နယ်သည်ကျေး
သည်သွေးသည်သား၊ လယ်သမားတို့
စိတ်ထားချိုချို၊ လယ်ရိပ်ခိုချိန်
ပန်းလိုမွှေး၍ အေးစေသား
စမ်းလိုအေး၍ မွှေးစေသား။

ဖိုလေးလုံးသောင်းကိုကို

## အမှိုက်ကောက်ကြစို့

အမှိုက်မြင်က ကောက်စို့ကွယ်
သန့်ရှင်းစေဖို့ရယ်။
ရေမြေထုထည် လှဖို့က
လူတို့တာဝန်ကျ။
ကျေးရွာမြို့ပြ လမ်းမပေါ်
အမှိုက်ကင်းစင်နော်
တစ်ဦးကသော် လိုက်နာပေး
သာယာလှပရေး။
ခြင်ယင်ကင်းဝေး ရှိပါလေ
မိမိအိမ်၌နေ။

ရောဂါပိုးတွေ ကာကွယ်အပ်
ကျန်းမာသန့်ရှင်းလျက်။
သဘာဝတွက် လှပအောင်
မိမိစပျိုးထောင်။
နောင်ရေးလူငယ် ပြုပြင်ငြား
စည်းကမ်းရှိစေသား။
ကာယလုပ်အား ရှိမှသာ
မြို့ရွာသာယာမှာ။
ပတ်ဝန်းကျင်မှာ ထိန်းသိမ်းလို့
အမှိုက်ကောက်ကြစို့။ ။

ဒေလီယာ (ပညာရေး)

## အလှစစ်

မွန်မြတ်လို့
စိတ်ဖြူစင်
မာန်မဝင် ကရုဏာပွား။
ရိုင်းပင်းကာ ကူညီတတ်မှ
မြတ်တဲ့လူသား။
ဒုက္ခကို အမှုမထား
ဝင့်ကြွားလို့ တံခွန်ထူ
ဖေးမတဲ့လူ။
စာရိတ္တ ရနံ့ကြူ
ဤဇမ္ဗူ ရှုမငြီး။

ကြည်ရွှင်စွာ သဒ္ဓါမပျက်
ရှေ့ဆက်ခရီး။
ဘဝကို ရင်းနှီးလို့
သည်းခံစိတ် ရှိအောင်နေ။
စေတနာ အလင်းတံခါး
ဖွင့်ထားလျက်ပေ။
ဆုတောင်းလို့ မေတ္တာခြွေ
ကြင်နာတွေ မျှဝေပေး။
လူ့ပြည်မှာ ဂုဏ်သတင်းတို့
ထုံသင်းလို့မွှေး။ ။

မောင်လူစိုး

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၀၃၆ အား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၄၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၇-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၈-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၁,၀၃၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၉၄၃)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၀၉၁,၅၁၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၄,၈၇၁)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၃၉၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၉၅,၈၅၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၀၁၆) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၈ -၉ -၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၆၉)ခု | (၄၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၉)ခု | (၁၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၀၆)ခု | (၈၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၇)ခု | (၄၅)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၁)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၉၄)ခု | (၆၄)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၅၄)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၂)ခု | (၁၅၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၁၈၄)ခု | (၁,၅၂၀)ဦး |
| စုစုပေါင်း | (၂၁,၀၃၆)ခု | (၁,၉၄၃)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၈၀၀၄၉၄ | ၃၂၄၃၄၁၆၆ | ၆၉၀၇၁၅ |
| ၂။ | အိန္ဒိယ | ၃၃၄၁၇၃၉၀ | ၃၂၆၃၂၂၂ | ၄၄၄၅၆၃ |
| ၃။ | ဘရာဇီး | ၂၁၁၀၂၅၃၆ | ၂၀၁၈၀၁၀၆ | ၅၈၉၇၄၄ |
| ၄။ | ဗြိတိန် | ၇၃၇၁၃၀၁ | ၅၉၃၄၀၁၈ | ၁၃၄၉၈၃ |
| ၅။ | ရုရှား | ၇၂၅၄၇၅၄ | ၆၄၈၅၂၆၄ | ၁၉၇၄၂၅ |
| ၆။ | ပြင်သစ် | ၆၉၄၂၁၀၅ | ၆၆၁၂၈၉၈ | ၁၁၅၉၆၀ |
| ၇။ | တူရကီ | ၆၇၉၄၇၀၀ | ၆၂၈၅၈၈၇ | ၆၁၁၄၀ |
| ၈။ | အီရန် | ၅၄၀၈၈၆၀ | ၄၇၃၆၈၉၆ | ၁၁၆၇၉၁ |
| ၉။ | အာဂျင်တီးနား | ၅၂၃၇၁၅၉ | ၅၀၉၀၄၄၉ | ၁၁၄၂၈၆၆ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၇၅၉၆ | ၄၇၇၆၁၆၉ | ၁၂၅၈၂၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၈၈၅၂၉ | ၃၉၈၃၁၄၀ | ၁၄၀၃၂၃ |
| ၂။ | ဖိလစ်ပိုင် | ၂၃၄၇၅၅၀ | ၂၁၂၆၈၇၉ | ၃၆၅၈၃ |
| ၃။ | မလေးရှား | ၂၀၆၇၃၂၇ | ၁၈၂၃၂၄၅ | ၂၂၇၄၃ |
| ၄။ | ထိုင်း | ၁၄၆၂၉၀၁ | ၁၃၁၇၅၂၇ | ၁၅၂၄၆ |
| ၅။ | ဗီယက်နမ် | ၆၇၇၀၂၃ | ၄၄၈၃၆၈ | ၁၆၈၅၇ |
| ၆။ | မြန်မာ | ၄၄၄၈၇၁ | ၃၉၅၈၅၅ | ၁၇၀၁၆ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၂၈၃၄ | ၉၆၂၇၅ | ၂၀၈၉ |
| ၈။ | စင်ကာပူ | ၇၅၇၈၃ | ၆၉၆၁၄ | ၅၉ |
| ၉။ | လာအို | ၁၈၈၁၄ | ၁၅၁၃၃ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၄၉၅၇ | ၃၃၃၅ | ၂၆ |



## ဗန်းမော်မြို့၌ နေ့စဉ် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၇၀ အခမဲ့ဖြန့်ဝေ

**ဗန်းမော် စက်တင်ဘာ ၁၈**

ကချင်ပြည်နယ်အစိုးရ၏ ပံ့ပိုးကူညီမှု၊ အများပြည်သူများ၏ လှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက်ရုံကို ဗန်းမော်မြို့နယ် ဖိုးဒေဝကျေးရွာ၌ တည်ဆောက်၍ တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး အလုံး ၇၀ ထုတ်လုပ်၍ အခမဲ့ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

### ဖြည့်ဆည်းဆောင်ရွက်

ဗန်းမော်မြို့ သုညသုခပရဟိတလူငယ်အသင်း၊ သုည အောက်ဆီဂျင်ဇီဝိတဒါနဖောင်ဒေးရှင်း တည်ထောင်သူ ကိုမျိုးမင်းထွေးက "ကျွန်တော်တို့ အောက်ဆီဂျင်စက်ရုံကို စက်တင်ဘာ ၁၅ ရက်မှာ စတင်စမ်းသပ်ပြီး တစ်နေ့ကို အောက်ဆီဂျင် လီတာ ၄၀ အိုး အလုံးရေ ၇၀ ရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်အိုးတွေကို ဦးစားပေးအဆင့်အနေနဲ့ ဗန်းမော်ခရိုင်ပြည်သူ့ဆေးရုံကြီးမှာ ကုသနေတဲ့လူနာတွေ၊ မိုးမောက်နဲ့ မန်စီမြို့နယ် ပြည်သူ့ဆေးရုံတွေမှာရော၊ Quarantine Centre တွေမှာရော အောက်ဆီဂျင် ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်"ဟု ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၈**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**သွားရောက်ကြည့်ရှု**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းသည် မိုင်းတုံတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံရှိ ဥစားကြက်သားပေါက်များ မီးကိုင်ထားရှိမှု၊ ဥစားကြက်နှင့် အသားတိုးကြက်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ နို့စားနွားနှင့် ဒေသနွား မွေးမြူရေးခြံ၊ ဒေသကြက်မွေးမြူရေးခြံများတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မွေးမြူရေးအစာစပ်စက်ရုံမှ မွေးမြူရေးအစာထုတ်လုပ်နေမှု၊ တစ်သျှူးငှက်ပျော စိုက်ပျိုးထားရှိမှုနှင့် ရာသီသီးနှံ စိုက်ခင်းတို့ကိုလည်းကောင်း အသီးသီး သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိုင်းဖြတ်မြို့ရှိ နမ့်ယွန်းပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ မိုင်းဆတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အသီးသီး သွားရောက်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# YBS ခရီးသည်တင်ယာဉ်များ သတ်မှတ်နှုန်းထား ကျော်လွန်ကောက်ခံမှုကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြင့် စတင်စစ်ဆေးမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) အောက်ရှိ YBS ခရီးသည်တင်ယာဉ်များတွင် လိုက်ပါစီးနင်းသည့် ခရီးသည်များအပေါ် အကူလူများလိုက်ပါကာ သတ်မှတ်နှုန်းထားများထက် ပိုမိုတောင်းခံနေခြင်းကို YRTC အနေဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့ကာ လာမည့်စက်တင်ဘာ ၂၀ ရက်တွင် စတင်ကာ ရှောင်တစ်ခင်စစ်ဆေးအရေးယူမှုများ လုပ်ဆောင်သွားတော့မည်ဖြစ်ကြောင်း YRTC ရုံးမှ သိရသည်။



ရန်ကုန်မြို့အတွင်း ခရီးသွားဝန်ဆောင်မှုပေးလျက်ရှိသော YBS ခရီးသည်တင် ယာဉ်လိုင်းကားများကို တွေ့ရစဉ်။

**စတင်စစ်ဆေး အရေးယူ**

" လတ်တလော ရန်ကုန်မြို့ YBS ခရီးသည်ယာဉ်လိုင်းပြေးဆွဲမှုနဲ့ပတ်သက်လို့ အဓိကပြဿနာကတော့ ခရီးသည် ပိုက်ဆံထည့်တဲ့ပုံးတွေ ပိတ်ထားပြီး အကူလူတွေက သတ်မှတ်နှုန်းထားထက် ငွေပိုတောင်း တာပဲ။ တချို့ယာဉ်မောင်းတွေက ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေနဲ့ စက်သုံးဆီဈေးတက်တဲ့အပေါ်မူတည်ပြီး ခရီးသည်တွေဆီက သတ်မှတ်နှုန်းထားထက် ပိုတောင်းတဲ့ဖြစ်စဉ်တွေက နေ့စဉ်တိုင်တန်းမှု ပိုပိုများလာတာကို တွေ့ရတယ်။ ဒါကြောင့် အခုလာမယ့် သီတင်းပတ်ကစပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးစစ်ဆေးရေးအဖွဲ့တွေက YBS ယာဉ်မောင်းများ သတ်မှတ်ချက်များနှင့်အညီ စည်းကမ်းတကျ လိုက်ပါပူးပေါင်းဆောင်ရွက်မှု ရှိ/မရှိကို စတင်စစ်ဆေးအရေးယူမှုများ ဆောင်ရွက်တော့မှာဖြစ်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

**သတ်မှတ်စည်းကမ်းချက်များ**

ယင်းအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ပြီး စစ်ဆေးမည့်အချက်များအနေဖြင့် ယာဉ်စီးခ သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံနေမှုများအပြင် YBS ယာဉ်များအနေဖြင့် ဂိတ်ရင်း၊ ဂိတ်ဖျားများမှ ဂိတ်လွှတ်စနစ်မှန်ကန်မှု ရှိ၊ မရှိ၊ နေ့စဉ်ထွက်ယာဉ်များစာရင်း မှန်ကန်မှု ရှိ၊ မရှိ၊ ဝေးဘီလ်၊ Time Sheet များ စနစ်တကျမှန်ကန်စွာ အသုံးပြုခြင်း ရှိ၊ မရှိ၊ ယာဉ်မောင်းများ သတ်မှတ်ယူနီဖောင်းဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိ၊ ယာဉ်မောင်းများ ယာဉ်မောင်းလိုင်စင်မှန်ကန်မှု ရှိ၊ မရှိ၊ ယာဉ်မောင်းများ အရက်သေစာ သောက်စား မောင်းနှင်ခြင်း ရှိ၊ မရှိတို့အပြင် သတ်မှတ်လမ်းကြောင်း မောင်းနှင်ခြင်း ရှိ၊ မရှိ စသည်ဖြင့် YRTC မှ ထုတ်ပြန်ထားသော သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာမှုများ ရှိ၊ မရှိတို့ကို စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ဆေးကြပ်မတ်သွားမည်**

ထို့အပြင် ခရီးသည်များအကြား မကြာခဏ အခက်ကြုံနေရသည့် ဖြစ်စဉ်မှာ ထင်မှတ်မထားဘဲ မူရင်းလမ်းကြောင်းများမှ အကြောင်းတစ်စုံတစ်ရာ မရှိဘဲ သွေဖည်ကာ ပြေးဆွဲနေမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်း ရှိ၊ မရှိ၊ ခရီးစဉ် ဂိတ်စ/ဂိတ်ဆုံး ပြေးဆွဲပေးခြင်း ရှိ၊ မရှိ၊ မော်တော်ယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ ရှိ၊ မရှိ၊ သတ်မှတ် မှတ်တိုင်ဧရိယာများအတွင်း စနစ်တကျ ရပ်နားခြင်း ရှိ၊ မရှိ၊ ယာဉ်ပေါ်တွင် မဖြစ်မနေ အထောက်အထားခိုင်လုံစွာပါရှိရမည့် စာရွက်စာတမ်းများ ပါရှိမှု ရှိ/ မရှိစသည့်စည်းကမ်းချက်များကို ကော်မတီအဖွဲ့အနေဖြင့် စစ်ဆေးကြပ်မတ်သွားမည်ဖြစ်သည်။

**အခက်ကြုံနေရမှုအပေါ် အဆင်ပြေစေရန်**

ထိုသို့ ရန်ကုန်မြို့အတွင်း YBS ယာဉ်များ စစ်ဆေးမှုများကို ပြီးခဲ့သော ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းအပြီးကာလတွင်လည်း YRTC အနေဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အများဆုံးတွေ့ရှိမှုသည် YBS ယာဉ်မောင်းများအနေဖြင့် ခရီးသည်များအပေါ် သတ်မှတ်ယာဉ်စီးခနှုန်းထားများထက် ပိုမိုတောင်းခံနေခြင်းပင်ဖြစ်သည်။ လတ်တလော ရန်ကုန်မြို့ YBS ယာဉ်များအနေဖြင့် စက်သုံးဆီဈေး အခြေအနေတစ်ရပ်ကြောင့် ခရီးသည်များအပေါ် သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံနေမှုကြောင့် အခက်ကြုံနေရမှုအပေါ် အဆင်ပြေစေရန်အတွက် YRTC အနေဖြင့် သတ်မှတ်နှုန်းထားများကို ထပ်မံညှိနှိုင်းအတည်ပြုဆောင်ရွက်ပေးရန်လည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်း- မြင့်မိုရ်၊ ဓာတ်ပုံ- မိုးမခ**

# ရွှေကူမြို့၌ ငါးမွေးမြူရေးနည်းပညာပေး သင်တန်းဖွင့်လှစ်

**ဗန်းမော် စက်တင်ဘာ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ရွှေကူငါးသားပေါက်စခန်းတွင် ရွှေဘိုငါးလုပ်ငန်းစခန်းတွင် အခြေခံ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူရေး နည်းပညာပေးသင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းမှ ငါးမွေးမြူသူများနှင့်ရေလုပ်သား ၂၉ ဦး တက်ရောက်ခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ၊ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)နည်းဖြင့် ငါးမွေးမြူရေးနည်းစနစ်များ၊ ငါးမွေးမြူခြင်းဆိုင်ရာ အခြေခံအချက်အလက်များ၊ ငါးဆေးထိုးသားဖောက်မွေးမြူခြင်းကို စာတွေ့နှင့်လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးမြသိန်းထံမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး



### ရွှေကူ

ကချင်ပြည်နယ် ရွှေကူမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်အနေဖြင့် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ရွှေကူမြို့နယ်အတွင်းရှိ ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးရသေးသူများအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းအနေဖြင့် ယနေ့နံနက် ၉ နာရီမှစတင်ကာ ရွှေကူမြို့ အမှတ်(၂) ရပ်ကွက် ရွှေမြင်းတင်ခန်းမ၌ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာစိုင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များ၊ ပရဟိတအဖွဲ့များက အသက် ၆၅ နှစ်အထက်ပြည်သူများ၊ စေတနာ့ဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များ စသည့် သတ်မှတ်ဦးစားပေး အုပ်စုအလိုက် ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ အသက် ၅၅ နှစ်အထက် ပြည်သူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တပ်ရင်း/တပ်ဖွဲ့ဝင်များ၊ ရွှေ့ပြောင်းအုပ်စုများနှင့် ယာယီစခန်းမှ ပြည်သူများ၊ နာတာရှည်နှင့် မကူးစက်နိုင်သော ရောဂါရှိသူများအား တတိယအသုတ်(ပထမအကြိမ်)ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၈ နာရီက လှိုင်းဘွဲ့ မြို့ အောင်ဆန်းခန်းမ၌ စတင်ထိုးနှံပေးခဲ့သည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောငြိမ်းထွန်းက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှု ပမာဏတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူများအား မိနစ် ၃၀ ခန့် အနားယူစေခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သံဖြူဇရပ်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယနေနံနက် ၉ နာရီမှ စတင်ကာ စတုတ္ထနေ့အဖြစ် သံဖြူဇရပ်မြို့နယ် မြို့မ အထက ( ၁ ) ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် ၅၅ နှစ်မှ အသက် ၆၄ နှစ်အထိပြည်သူများ၊ အသက် ၁၈ နှစ်ထက် ရဟန်းသံဃာ/ သီလရှင်များ၊ နာတာရှည်ရောဂါရှိပြီး ကူးစက်ရောဂါမရှိသူများ၊ (ဒုတိယအကြိမ်) ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား သတ်မှတ်ထားသော ဆေးထိုးစုရပ် ခုနစ်နေရာဖြစ်သော အထက (၁) သံဖြူဇရပ်၊ ကျိုက္ခမီ (ကဇာတ်ရုံ)၊ အထက ကျုံကဒါတ်၊ အနင်းတိုက်နယ်ဆေးရုံ၊ ထင်းရှူးတိုက်နယ်ဆေးရုံတို့ သတ်မှတ်ထားသည့်အစီအစဉ်အတိုင်း ထိုးနှံပေးရာ စက်တင်ဘာ ၁၇ ရက်အထိ လူဦးရေ စုစုပေါင်း ၆၉၉၅ ဦးတို့အား ထိုးနှံပြီးစီးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက် )**

### ဝက်လက်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ကိုဗစ် - ၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းက ဒုတိယအကြိမ်အဖြစ် ယနေ့တွင် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ရဟန်းသံဃာများ၊ ဝန်ထမ်းများ၊ ဈေးရောင်းချသူများအား စုရပ်သုံးနေရာတွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ လူဦးရေ ၁၀၀၀ တို့အား ကာကွယ်ဆေးထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်အဆင့် ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

### ပလောက်

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ အသက် ၅၅ နှစ်မှ ၆၅ နှစ်အတွင်းရှိ ပြည်သူများ၊ မသန်စွမ်းသူများ၊ ရောဂါအခံရှိပြီး ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံသင့်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေသီလာရတနာခန်းမ ပထမအကြိမ် ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စက်တင်ဘာ ၁၇ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ ပလောက်မြို့၌ အမျိုးသား ၁၃၆ ဦး၊ အမျိုးသမီး ၁၅၄ ဦး စုစုပေါင်း ၂၉၀ လာရောက်ထိုးနှံခဲ့ပြီး အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နှင်းမြူလွင် (ပလောက်)**

### ကျောက်တံခါး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အသက် ၅၅နှစ်အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါမဟုတ်သည့်နာတာရှည်ရောဂါ ဖြစ်သူများအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်၍ ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမ၌ ဆက်လက်ထိုးနှံပေးသည်။

ဆေးထိုးရာနေရာတိုင်း၌ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စန်းစန်း**



### ကျိန္တလီ

ရခိုင်ပြည်နယ် ကျိန္တလီမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြည်သူများအား စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက ကျိ န္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ စုရပ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသည်။

ကျိန္တလီမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသော အသက် ၆၅ နှစ်အထက်ပြည်သူ ၁၈ ဦး၊ စေတနာ့ဝန်ထမ်းနှစ်ဦး၊ နိုင်ငံ့ဝန်ထမ်းသုံးဦး၊ တည်းခိုခန်းဝန်ထမ်းနှစ်ဦး၊ ဈေးသည်ငါးဦး စုစုပေါင်းပြည်သူ ၃၀ တို့အား ထိုးနှံပေးနိုင်ခဲ့ကြောင်း ကျိန္တလီမြို့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှသိရသည်။

**ခိုင်မိုးမင်း(ပြန်/ဆက်)**

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသက် ၅၅ နှစ် အထက် ပြည်သူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို တိုက်ကြီး မြို့မ (အထက) ကျောင်း၌ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီမှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်အတွင်းရှိ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူ ၂၁၅ ဦးအား ကာကွယ်ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပမာဏတိုင်းတာခြင်းနှင့် ကာကွယ်ဆေးထိုးမှတ်တမ်းတွင် စာရင်းရေးသွင်းစေခြင်း၊ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးချိန်တွင်လည်း နာရီဝက်ခန့် စောင့်ကြည့်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ ပရဟိတအသင်း အဖွဲ့ဝင်များက ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စန်းကလျာခိုင်(ပြန်/ဆက်)**



### ဟသ္သာတ

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်၌ ကိုဗစ် - ၁၉ရောဂါ ကာကွယ်ဆေးအား သတ်မှတ်ဦးတည်အုပ်စုများအလိုက် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်က ဟသ္သာတမြို့ တာကလေးရပ် ဦးအောင်မြတ်ကျော်ဘုရားဝင်းအတွင်းရှိ ပြည်လုံးချမ်းသာခန်းမ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးရမည့်သူများနှင့် ကာကွယ်ဆေး မထိုးနှံရသေးသည့် အသက် ၅၅ နှစ်မှ ၆၄ နှစ်အတွင်း ပြည်သူများ၊ ရဟန်းသံဃာတော်များနှင့် သတ်မှတ်ဦးတည်အုပ်စုတို့တွင် ပါဝင်သူများအား ကိုဗစ်ကာကွယ်ဆေး (ပထမအကြိမ်) ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းလွင် ဦးဆောင်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စနစ်တကျ ဆေးထိုးနိုင်ရန်ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာညီညီလွင်ထံမှ သိရသည်။ **ကိုဇော်(ပြန်/ဆက်)**

### ပေါက်

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသူများအား ပေါက်မြို့အခြေခံပညာအထက်တန်းကျောင်း ဗိုလ်စကားခန်းမ၌ ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဒေသခံပြည်သူ ၄၃၅ ဦးတို့ ကာကွယ်ဆေးလာရောက်ထိုးနှံခဲ့ကြောင်း ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ထို့အပြင် ကာကွယ်ဆေးလာရောက်ထိုးနှံသူများ စိတ်အေးချမ်းသာစွာ ထိုးနှံနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပေါက်မြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသူများအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၆ ရက်ကစတင်ပြီး ထိုးနှံပေးရာ ယနေ့အထိ ကာကွယ်ဆေးလာရောက်ထိုးနှံသူဦးရေ ၁၁၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဥမ္မာကျော်(ပြန်/ဆက်)**



# မော်လမြိုင်မြို့နှင့် ကျောင်းကုန်းမြို့တို့၌ အောက်ဆီဂျင်စက်ရုံ တပ်ဆင်လည်ပတ်နေမှု အခြေအနေများအား ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၁၈

ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အောက်ဆီဂျင်ထုတ်သည့်စက်များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အောက်ဆီဂျင်ထုတ်သည့်စက်များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

ထိုသို့ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းရှိ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၁၂၀ ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုနှင့် ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ရှိ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၈၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်ထုတ်စက် ရောက်ရှိတပ်ဆင်နေမှုကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

☆ (၃၁)ကြိမ်မှ

ယင်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ဗီယက်နမ်အိုလံပစ်ကော်မတီအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလကုန်သို့မဟုတ် မေလဆန်းတွင် ပြန်လည်ကျင်းပရန် လျာထားပြီး ကပ်ရောဂါအခြေအနေအပေါ်မူတည်၍ ပြုလုပ်ရမည်ဖြစ်သည်။ ဗီယက်နမ်အိုလံပစ်ကော်မတီ တာဝန်ရှိသူများ၊ ဆီးဂိမ်းအဖွဲ့ချုပ် တာဝန်ရှိသူများ၊ အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များမှာ ယခုနှစ်ကုန်ပိုင်းတွင် အစည်းအဝေးပြုလုပ်၍ ပြိုင်ပွဲကျင်းပမည့်ရက်အား အတည်ပြုသွားမည်ဖြစ်သည်။ လာမည့်နှစ်တွင် ယခုနှစ် မကျင်းပနိုင်သဖြင့် ရွှေ့ဆိုင်းထားရသည့် ပြိုင်ပွဲများ၊ ၂၀၂၂ ခုနှစ်တွင် ပုံမှန်ကျင်းပရမည့်ပြိုင်ပွဲများရှိနေသဖြင့် ဗီယက်နမ် အိုလံပစ်ကော်မတီအနေဖြင့် ယင်းပြိုင်ပွဲများနှင့် မတိုက်ဆိုင်စေရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။ ဗီယက်နမ် အိုလံပစ်ကော်မတီအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲ ရွှေ့ဆိုင်းခဲ့သော်လည်း ထည့်သွင်းကျင်းပမည့် အားကစားနည်းများ အပြောင်းအလဲပြုလုပ်မည်မဟုတ်ဘဲ ယခင်သတ်မှတ်ထားသည့်အတိုင်း အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

**စခန်းဝင်လေ့ကျင့်**

မြန်မာနိုင်ငံအနေဖြင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်း ၁၈ မျိုး ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားနည်းအများစုမှာ စခန်းဝင်လေ့ကျင့်နေပြီဖြစ်ပြီး အားကစားအဖွဲ့အချို့မှာမူ ပြည်ပနိုင်ငံ၌ သွားရောက်လေ့ကျင့်လျက်ရှိသည်။

ကိုညီလေး

❂ အာဆီယံမှ

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအများစုမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်မဟုတ်ဘဲ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် စက်တင်ဘာ ၂၁ ရက်တွင် ပြုလုပ်မည့် အုပ်စုမဲခွဲပွဲတွင် အတည်ပြုထုတ်ပြန်သွားဖွယ်ရှိနေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

ယခုပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး ယခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်သော်လည်း ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအမည်ဖြင့်သာ ပြုလုပ်မည်ဖြစ်သည်။ ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကိုညီလေး

○ ကျောဖုံးမှ

ပရီမီယာလိဂ်အိမ်ကွင်းသုံးပွဲအထိ ဂိုးမသွင်းနိုင်ခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့တာဖြစ်ပါတယ်။ ဘရန်းဖို့ဒ်အသင်းကတော့ အခုပွဲစဉ်မှာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲကစားအပြီးမှာ ရမှတ် ရှစ်မှတ်အထိ စုဆောင်းထားနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## မံစီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသည့် ပြည်သူများအား ဆက်လက်ထိုးနှံ

မံစီ စက်တင်ဘာ ၁၈

ကချင်ပြည်နယ် မံစီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသည့် ပြည်သူများအား ယနေ့နံနက်ပိုင်းက ထပ်မံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အခြေခံပညာအထက်တန်းကျောင်း(မံစီ) ဖုန်ကန်ဒူဝါခန်းမဆောင်၌ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီအဖွဲ့ဝင်များက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ချောမွေ့စွာဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မံစီမြို့နယ်၌ ထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှာ Sinopharm ကာကွယ်ဆေးဖြစ်ပြီး လူဦးရေစုစုပေါင်း ၃၅၀၀ ကို ထပ်မံထိုးနှံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း




**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အနော်မာ(၂၁)လမ်း၊ မြေကွက်အမှတ်(၅၁၃/က)၊ အိမ်အမှတ်(၁၇/က)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် [ဦးချစ်ဟန်(၁၂/သကတ(နိုင်)၁၀၅၅၇၀)] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး ၎င်းအမည်ပေါက်၏ သား/သမီး (၄)ဦးဖြစ်သော (၁)ဒေါ်ဌေးဌေးဝင်း[၁၂/သကတ(နိုင်)၁၀၅၁၅၁]၊ (၂)ဦးမျိုးမင်း[၁၂/သကတ(နိုင်)၁၀၅၀၅၉]၊ (၃)ဦးစိုးမင်း[၁၂/သကတ(နိုင်)၁၄၀၁၇၅]၊ (၄)ဦးနေစိုးသန့်[၁၂/သကတ(နိုင်)၁၅၇၀၂၃]တို့သည် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မိမိတို့ကသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော မြေနှင့်အိမ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနခင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၀၂၅၈)**
**အမှတ်(၄၀၂)၊ သုမန(၃)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၈၇၇၇၁၇**


**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၃)လမ်း၊ အမှတ်(၂၈၄/ခ)၊ ဒုတိယထပ်၊ (၃)လွှာ၊ (အလျား ၁၈ပေxအနံ ၅၀ပေ)ရှိ နေအိမ်တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ဒေါ်မြင့်မြင့်သန်း[၆/မအရ(နိုင်)၀၀၈၀၆၆]သည် အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းအား လက်ရှိတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အုံးမြင့်[၁၂/သဃက(နိုင်)၁၄၄၆၉၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၃၅၆၈**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း







[illegible]

## ဦးချစ်မောင်(အဝကျွန်း)အတွက် (၂)လပြည့် လွမ်းဆွတ်သတိရခြင်း

အဖ(ဦးမွေးပန်း)၊ အမိ(ဒေါ်ခိုင်စံ)တို့၏သား၊ ဒေါ်တင်တင်ဦး၏ခင်ပွန်း၊ မောင်ဥက္ကာဦး-မစံနှင်းဖြူ တို့၏ဖခင်၊ မောင်ဝီရဦး၊ မအေမရစံတို့၏အဘိုး၊ ဦးမြတ်စိုး၊ ဦးမြတ်မော်၊ ဒေါ်ခင်မြတ်မော်၊ ဒေါ်ခင်မြတ်နွယ်၊ ဦးမြတ်နိုင်၊ ဦးမြတ်ခိုင်တို့၏အစ်ကိုကြီး၊ မောင်စောနေဝန်း၊ မမြတ်သိင်္ဂီတို့၏ဘကြီးဖြစ်သူ ဦးချစ်မောင်(အဝကျွန်း) [ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းနှင့် News Watch (စောင့်ကြည့်)သတင်းဂျာနယ် တည်ထောင်သူနှင့်အယ်ဒီတာချုပ်] အသက်(၇၄)နှစ်သည် ၁၉-၇-၂၀၂၁ရက် တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးချစ်မောင်(အဝကျွန်း) ကွယ်လွန်ခြင်းအတွက် ကိုယ်ချင်းစာနားလည်မှုဖြင့် အားပေးကြသူများ၊ နည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်၍ သတိတရသတင်းမေးမြန်းကြသူများ၊ အောက်မေ့ဖွယ်အမှတ်တရရေးသားကြသူများ၊ လူကိုယ်တိုင်မရောက်နိုင်သော်လည်း အဝေးမှ အလှူဒါနပြုကာအမျှအတမ်း ဝေသူများအားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။

**အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖြစ်သူ ဦးချစ်မောင်(အဝကျွန်း)အားမိသားစုနှင့် တပည့်သားသမီးများက လွမ်းဆွတ်သတိရလျက်ရှိပါကြောင်း။**

**မိသားစုနှင့်တပည့်သားသမီးများ**

## ဒေါ်ခင်ဌေး B.A, B.Ed
**အ.ထ.က(၂) ဗဟန်း**
## အသက်(၆၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးသန်းတင်-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးအောင်တင်-ဒေါ်စောကြည်)တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးညိုဝင်း-ဒေါ်မြင့်ဌေးတို့၏ညီမ၊ မဆုမြတ်သဇင်[B.E (Civil)]၊ မောင်ဖွဲ့မာန်ထက် B.E(MC)၊ မောင်ဉာဏ်မိုးမြင့်ဆက်(UM1) ပထမနှစ်တို့၏ မွေးသမိခင်၊ ဦးမိုမြင့်(DWIR)၏ဇနီး ဒေါ်ခင်ဌေးသည် ၁၇-၉-၂၀၂၁ (သောကြာနေ့) ညနေ ၆:၃၈ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၁(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်း ကြားအပ်ပါသည်။။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၂၁ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ FMI CITY ဝင်း၊ အေးသာယာလမ်း၊ အမှတ်(၄၃/D)၊ မြေအကျယ်(၄၀x၆၀)ပေ (သို့) (၀.၀၅၅)ဧက မြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၆၀)မြေငှားဂရန်ဖြင့် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြော့ကြော့ဝင်း[၁၂/လမတ(နိုင်)၀၀၆၂၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်ဝင်း[၁၄/ပသန(နိုင်)၁၃၄၄၇၃]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပါသဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးလှိုင်ဝင်း**
**[၁၄/ပသန(နိုင်)၁၃၄၄၇၃]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဦး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၉၉)**
**အမှတ်(၆၇၈/က)၊ မြကန်သာလမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၂၉၈၆၁၅၊ ၀၉-၇၇၉၉၉၆၁၇၂**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ် သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူ အချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ် အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်နဲ့နေ
**အထက်တန်းပြ(အထက-၂၊ ဒဂုံ)မြို့မကျောင်း**
## အသက်(၇၈)နှစ်

သာယာဝတီမြို့နေ (ဦးရော်ဘင်-ဒေါ်ဘဲသာ)တို့၏သမီး၊ နတ်တလင်းမြို့၊ ကုက္ကိုမြောင်ကျေးရွာနေ (ဦးပြူး-ဒေါ်ပုရွှေ)တို့၏သမီးချွေးမ၊ (ဦးကံရင်)၏ဇနီး၊ တောင်ကြီးမြို့နေ (ဦးဇော်ဝင်းမြိုင်-ဒေါ်ညိုညိုခိုင်)၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ်နေ ဦးခင်မောင်ဦး-ဒေါ်တင့်တင့်မိုး (ဦးစီးမှူး-တိုင်းပညာ)၊ ပုသိမ်မြို့နေ (ဦးသက်ဝင်း)-ဒေါ်မြင့်မြင့်အေး၊ ဒလမြို့၊ ဗိုလ်ဥတ္တမ(၁)လမ်းနေ ဦးနိုင်ဝင်း၊ ကနောင်မြို့နယ်၊ ဒလမြို့နေ ဦးအောင်ဘုန်း-ဒေါ်မာမာစန်း၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းခဝဲခြံနေ ဦးမောင်မောင်-ဒေါ်အိငယ်ထွေးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၇-၉-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၁:၁၃နာရီတွင် ဒလမြို့နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၉-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် ခရစ်တော်ဥယျာဉ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)
**တေဇ(၉)**
**ဥက္ကဋ္ဌ၊ Vaginia Tobacco Co.,Ltd.**
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်၊ အောင်ဇေယျလုံးချင်းအိမ်ရာ၊ အမှတ်(၁၃)(E)နေ (ဦးညွန့်ရွှေ-ဒေါ်ရှုကြည်)တိုက်ကြီးတို့၏သားကြီး၊ ဒေါ်လွေအေးအေးထွမ်း၏ချစ်လှစွာသော ခင်ပွန်း၊ ကိုကောင်းမြတ်ဦး-မချောအိဇော်၊ ဗိုလ်ကြီးမျိုးမြတ်ဦး-မနန်းဟွမ်ငင်းနွံ့၊ မောင်ဉာဏ်ဟိန်းဦးတို့၏ချစ်လှစွာသောမွေးသဖခင်၊ မောင်ဖွဲ့ရန်မှူးပိုင်၊ မလင်းလဝန်းမြတ်တို့၏အဘိုး ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)သည် ၁၇-၉-၂၀၂၁(သောကြာနေ့) ည ၇နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ရေဝေးသုသာန်၌ ၂၀-၉-၂၀၂၁ (အင်္ဂါနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၁(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးအား ပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)
**တေဇ(၉)**
**ဥက္ကဋ္ဌ၊ Vaginia Tobacco Co.,Ltd.**
## အသက်(၆၂)နှစ်

တေဇ(၉)မှ ချစ်လှစွာသောသူငယ်ချင်း ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)(တေဇ-၁၀၀၅) (Best Cadet) သည် ရန်ကုန်မြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၂၁၇/က၊ ၂၄၃/ခ)၊ (၃)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ်၊ (၆)လွှာ၊ ဝဲ(စီ)တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ တိုက်ခန်းပိုင်ရှင် ဒေါ်ဆွေဆွေမြင့် [၁၂/ပဇတ(နိုင်)၀၁၆၀၂၄]၏ ကိုယ်စားလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စောဦး [၁၄/ကခန(နိုင်)၀၃၅၂၅၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဝေ [၁၂/ဒပန(နိုင်)၀၁၄၁၁၉]က ယင်းတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအား (၁၆-၉-၂၀၂၁)ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် LL.B, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၇)**
**အမှတ်(၂၃၈)၊ မာန်မြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၀၆၅၉၃၉**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သုမန(၃)လမ်း၊ မြေကွက်အမှတ်(၃၉၄)၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ ဦးကျော်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေနှင့်အိမ်အား အမည်ပေါက် ကွယ်လွန်သဖြင့် အမည်ပေါက်၏ ဇနီးဖြစ်သူ ဒေါ်ပု(CJ-၀၂၈၅၀၃)မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်ဇော်လင်း[၁၂/သကတ(နိုင်)၁၅၄၀၉၃]က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက တိကျ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဇော်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြသောင်း
**ခေတ္တရာပုံနှိပ်တိုက်**
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း၊ အမှတ်(၁၂၂)နေ (ဦးဘိုးရှိန်- ဒေါ်သိန်းခင်)တို့၏သား၊ (ဦးသိန်းဖံ-ဒေါ်ညွန့်)တို့၏သားသမက်၊ (ဒေါ်မြမြသိန်း)၏ခင်ပွန်း၊ ဦးမျိုးမင်း-ဒေါ်ခင်မေအေး၊ (ဒေါ်ဌေးဌေးသောင်း)တို့၏ဖခင်၊ ဦးမင်းဟိန်းထက်၊ ဒေါ်ပိုးနန္ဒာမိုးအောင်တို့၏အဘိုး၊ မဇူစျာန်မေ၏အဘေး ဦးမြသောင်းသည် ၁၇-၉-၂၀၂၁ (သောကြာနေ့) နံနက် ၁၀:၄၃ နာရီတွင် မဟာမြိုင်ဆေးရုံ၌ (၉၆)ပါးသောလူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်မေ
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိုးမခလမ်း၊ မလိခဥယျာဉ်အိမ်ရာ၊ အမှတ်(၁၂-က)နေ (ဦးလှဖေ-ဒေါ်အေးရီ)တို့၏သမီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ငြိမ်း)၊ အငြိမ်းစားသံအမတ်ကြီး၊ (ဦးအောင်ခင်)၏ဇနီး၊ ဦးကိုကို၊ ဒေါက်တာတင်မောင်ချစ်-ဒေါ်ခင်သန်းဝင်း၊ ဒေါ်သင်းသင်းအောင်တို့၏မိခင်၊ ဒေါက်တာနှင်းရည်မွန်၊ မောင်ကောင်းဆက်လှိုင်တို့၏ အဘွားသည် ၁၆-၉-၂၀၂၁ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၁ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ၃၀-လမ်း၊ အမှတ်(၁၆၀)၊ မြေညီထပ်နှင့် ပထမထပ် တိုက်မျက်နှာမူလျက် (ညာ)တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်လေး [၁၂/သကတ(နိုင်)၁၃၇၆၄၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), HGP,RL,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၃) လမ်း၊ အမှတ်(၅၁၁)ပေါ်တွင် ဆောက်လုပ်ထားသည့် (၉-၇-၂၀၁၉)ရက်စွဲဖြင့် "အခန်းပေးအခန်းယူ(၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူစာချုပ်"အရ ကန်ထရိုက်တာပိုင်အခန်းဖြစ်သော ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း အလျား(၁၇)ပေx အနံ(၅၄)ပေရှိ တိုက်ခန်းနှင့်တကွ ရေ/မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီနီဝင်း [၁၂/တမန(နိုင်)၁၄၀၀၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းခန့် [၁၂/ကမတ(နိုင်)၀၆၅၆၅၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို (၁၈-၉-၂၀၂၁)ရက်တွင် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသောစာရွက် စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့ လည်းကောင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ဝေအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)**
**Ph: 09-780041939, 09-773562082**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၁၅၅/က)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ **ဒုအရာခံဗိုလ်စန်းလွင် (MGE-083417)** အမည်ပေါက်ပါမစ်မြေနှင့် ယင်းမြေတည်ရာအမှတ်(၁၁၅၅/က)၊ ကျောင်းလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်ကို မြေအမည်ပေါက်ထံမှ ဝယ်ယူထားသူ **ဒေါ်ယဉ်ယဉ်မွန်[၁၂/ပဘတ(နိုင်)၀၂၄၇၀၈]**က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမော်(B.Sc,H.G.P,D.B.L,D.A.Psy)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ကြေးမုံ ယနေ့ ဖတ်စရာ

**တရားခံပြေး CDM ရဲတပ်သား မျိုးမင်းထက်(ခ) မင်းထက်ဦး အပါအဝင် တရားခံများ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**ဘယ်သူတွေက အန္တရာယ်အရှိဆုံးလဲဆိုရင် အချို့အလုပ်တွေက အများနဲ့ထဲထဲဝင်ဝင် ဆက်ဆံရတဲ့အပြင် သူတို့လုပ်ရတဲ့ အလုပ်ရဲ့ သဘောသဘာဝကိုက အန္တရာယ်ရှိနိုင်တဲ့ အရာတွေနဲ့ ထိတွေ့နေရတာ ဖြစ်ပါတယ်**

စာမျက်နှာ » ၁၆

**မျိုးဆက်သစ် ပျိုးခင်း**

စာမျက်နှာ » ၂၀၊ ၂၁

**ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၀၃၆ အား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၄၃ ဦး တွေ့ရှိ**

စာမျက်နှာ » ၂၂

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## လာအိုနိုင်ငံမှ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၂၀၀ ဆက်လက်ဝင်ရောက်

တာချီလိတ် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံဆိပ်ကမ်းတွင် လာအိုနိုင်ငံမှ လွှဲပြောင်းလာသည့်မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူအမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၂၀၀ တို့အား ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံမှ တာဝန်ရှိသူများက စိစစ်လက်ခံခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖

## (၁၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့်ကာလကို နှစ်ကုန်ပိုင်းတွင် အတည်ပြုဖွယ်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ(အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ဗီယက်နမ်နိုင်ငံက ပြိုင်ပွဲကျင်းပရေးကာလကို နှစ်ကုန်ပိုင်းတွင် အတည်ပြုဖွယ်ရှိနေသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ☆

## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် နိုင်ငံအချို့ ကြိုးပမ်းနေ

ရန်ကုန် စက်တင်ဘာ ၁၈

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်တွင် ကျင်းပမည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရန် နိုင်ငံအချို့က ကြိုးပမ်းလျက်ရှိသည်။

**အိမ်ရှင်အဖြစ် လက်ခံကျင်းပ**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ပြိုင်ပွဲပုံစံဖြစ်သည့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း ပုံစံဖြင့်ကျင်းပရန် မဖြစ်နိုင်သဖြင့် အိမ်ရှင်နိုင်ငံရွေးချယ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူစသည့်နိုင်ငံများက ကြိုးပမ်းနေပြီး ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲအတွက် တည်ဆောက်ပြီးစီးသွားသည့် Morodok Techo ဘောလုံးကွင်း၌ ပြုလုပ်ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ကပ်ရောဂါအခြေအနေကြောင့်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✪

## ဘရန်းဖို့ဒ်အသင်းက ဝုလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၅)ရဲ့ စက်တင်ဘာ ၁၈ ရက် ညအစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝုလ်ဗာဟမ်တန်အသင်းနဲ့ ဘရန်းဖို့ဒ်အသင်းတို့ ပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဘရန်းဖို့ဒ်အသင်းက အိမ်ရှင်ဝုလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပရီမီယာလိဂ်ကို ယခုနှစ်မှ တန်းတက်လာတဲ့ ဘရန်းဖို့ဒ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၂၈ မိနစ်မှာရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကြောင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး အဲဒီပင်နယ်တီသွင်းဂိုးကို တိုနေးက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အသင်းဟာ ပွဲကစားချိန် ၃၄ မိနစ်မှာ အမ်ဘူမိုရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် ပထမပိုင်းပွဲကစားချိန်အတွင်းကတည်းက နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဝုလ်ဗာဟမ်တန်အသင်းကတော့ ချေပဂိုးပြန်လည်ရရှိရေး ကြိုးစားခဲ့ပေမယ့် ဒုတိယပိုင်း ပြီးဆုံးချိန်အထိ ချေပဂိုးမသွင်းယူနိုင်ခဲ့သလို ဘရန်းဖို့ဒ်အသင်းကလည်း နောက်ထပ်သွင်းဂိုးတွေ မသွင်းယူနိုင်ခဲ့တာကြောင့် နှစ်ဂိုးပြတ်ဆိုတဲ့ ရလဒ်နဲ့သာ ပွဲပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းဟာ အခုပွဲစဉ်မှာ ဘရန်းဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် ယခုနှစ်ဘောလုံးရာသီရဲ့

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ○

